မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၆ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၈)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြေးလျနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ(အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က ခေတ်မီဒီမိုကရေစီနိုင်ငံအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းရေး ကြိုးပမ်းလျက်ရှိ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကြရမည် အခြေခံဥပဒေရေးဆွဲနိုင်ရေး အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် အရေးကြီး ညီလာခံကြီးဖျက်ဆီးကြမည့် ပြည်တွင်းပြည်ပအဖျက်သမားများကို မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူကာကွယ်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၅)ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နိုင်ငံနှင့်လူမျိုး၏ သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ၊ ပြည်ထောင်စုကြီး၏ အနှစ်သာရတို့နှင့် ဆီလျော်ညီညွတ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အခြေခံများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းစေရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ ယနေ့ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်းစသည့် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်နေပြီဖြစ်ရာ ဆက်လက်၍ အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဇန်နဝါရီလ ၂၃ ရက်နေ့က ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒဂုံရိပ်သာ၌ ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဇေါ်ရီဇော်ဆိုင်းနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ၍ အမှာစကားပြောကြားရာ၌–

"တစ်မျိုးသားလုံးလိုလားတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကြီးကအစပြုသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်စေရအောင် တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးက မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်တိုင်းအဆင့်တိုင်းတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန်"

ပြောကြားသွားသည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးအဆင့်လည်း ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် ကဏ္ဍစုံအလွှာစုံပါဝင်၍ ဖေဖော်ဝါရီ၁၇ ရက်မှစ၍ ဆက်လက်ကျင်းပတော့မည် ဖြစ်သည်။

အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့်တကွ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများ အားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်နိုင်မည့်၊ တစ်မျိုးသားလုံးအတွက် အကောင်းဆုံးဖြစ်မည့်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခြေခံရမည့်မူများကို ဆွေးနွေးချမှတ် ညှိနှိုင်းလျက်ရှိသည်။

အမျိုးသားညီလာခံကြီးက အသေးစိတ်အခြေခံမူများ ချမှတ်ပေးပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ ပြည်သူလူထု၏ သဘောထားဆန္ဒခံယူအတည်ပြုရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေးစသည့် လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ကြရမည် ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရများ ယိုယွင်းပျက်ပြားမှုမရှိစေဘဲ အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရေးအတွက် အခြေခံခိုင်မာစွာဖြင့် တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ ပြည့်ပြည့်ဝဝ အောင်မြင်ပြီးမြောက်ရေးအတွက် အချိန်ယူကာ အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် မိမိတို့နိုင်ငံ၏ပကတိအခြေအနေမှန်၊ ပြည်ထောင်စုကြီး၏အဓိပ္ပာယ်နှင့် အနှစ်သာရတို့ကို နားလည်သဘောပေါက်ခြင်းမရှိဘဲ အနောက်နိုင်ငံကြီးအချို့၏ ဖိအားပေး စွက်ဖက်နှောင့်ယှက်နေမှုများကိုလည်း တွေ့မြင်ကြားသိနေရသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးတို့က မည်သည့် စွက်ဖက်နှောင့်ယှက်မှုကိုမျှ လက်မခံဘဲ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်သည်အထိ ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ကျင်းပသော အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်နယ်နှင့်တိုင်းများအလိုက် လုပ်ငန်းတာဝန် ထမ်းဆောင်မှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ပြည်နယ်နှင့်တိုင်းများ အလိုက် ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများက မိမိတို့၏ ပြည်နယ်နှင့် တိုင်းများအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့်ကာယပညာ သိပ္ပံ(မန္တလေး)တို့မှ တာဝန်ရှိသူများက အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်း၊ အားကစားလေ့ကျင့်ရေးသင်တန်းတို့နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေး တင်ပြကြရာ သက်ဆိုင်ရာဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ကိုက ဘောလုံးအားကစားတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီးဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဟော်ကီပြိုင်ပွဲဖွင့်

ဝန်ကြီးသည် ယမန်နေ့ ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ရှိမြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သိမ်ဖြူဟော်ကီအားကစားပြိုင်ကွင်း၌ ကျင်းပသော မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြား၍ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော် မှတ်တမ်းရုံးအသင်းနှင့် အမှတ်(၁၁)ခြေမြန် တပ်မဌာနချုပ်အသင်းတို့ ပွဲဦးထွက်ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက်ဝန်ကြီးက တပ်မတော်(ရေ)နှင့် တပ်မတော်(လေ) အသင်းတို့အားဟော်ကီအားကစားပစ္စည်းများ ပေးအပ်သည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၀သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဦးထွန်းတင်အား ရည်စူး၍ အမှတ်၁၂၆(A)၊ ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ်နေ ဇနီး ဒေါ်တင်ရွှေ၊ သမီး မယဉ်မျိုးထွန်း မိသားစုက ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ဒီဇင်ဘာ၁၉ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၂၆–၁–၂၀၀၅

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ကံနှင့်ကံ၏အကျိုးဆက် (တတိယနှစ်–အရှေ့တိုင်း အထူးပြု)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း–၅)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၃၇)

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇန်နဝါရီ ၂၂ရက် နံနက်က ရွှေပေါက်ကံ မြို့သစ်အဝင် ပုဂံလမ်း ပေအရှည် ၆၀၀၀ လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲသို့ ရွှေပေါက်ကံမြို့သစ် ဥက္ကဋ္ဌ ဦးမင်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(က–ပ)**

၂၀၀၄ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုရရှိသူများကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၀၄ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရရှိသူများကိုသက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာရာ ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယနှစ်(ပန်းချီအထူးပြု) ကျောင်းသူ မဖြိုးသရဖီထင်နှင့် ယဉ်ကျေးမှု တက္ကသိုလ်(မန္တလေး)မှ ပထမနှစ် (သဘင်အထူးပြု)ကျောင်းသူ မမြင့်မြင့်အေးသိန်းတို့ ရရှိကြသည်။

ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရ ကျောင်းသူများအား ဖေဖော်ဝါရီ ၅ ရက်တွင် ရန်ကုန်မြို့ အမျိုးသား ဇာတ်ရုံ၌ ကျင်းပမည့် ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲတွင် တစ်ပေါင်းတည်း ချီးမြှင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၅ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဇနီးတို့ ထိုင်းနိုင်ငံ တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Col. Prissapa Suvanatat နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ယနေ့အစည်းအဝေးမှာ ၂၀၀၅ ခုနှစ်အတွက် ပထမအကြိမ်ပြုလုပ်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေးဖြစ်ကြောင်း၊ နှစ်သစ်တွင် အတွေးသစ်၊ အမြင်သစ်၊ စိတ်သစ်ကိုယ်သစ်ဖြင့် မိမိတို့အဖွဲ့ကြီး တောင့်တင်းခိုင်မာပြီး စည်းလုံးညီညွတ်သည့် အဖွဲ့ကြီးဖြစ်လာအောင် နှစ်ဟောင်းက အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ တိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါး

အဖွဲ့အစည်းတစ်ခု စည်းလုံးညီညွတ်ရန်အတွက် တူညီသည့် အခြေခံလမ်းစဉ်၊ တူညီသည့် ယုံကြည်ချက်၊ ခံယူချက်ရှိနေကြရန် အရေးကြီးပါကြောင်း၊ မိမိတို့ အဖွဲ့ဝင်များ၏ တူညီသည့် ယုံကြည်ချက်၊ ခံယူချက်မှာ ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒလည်းဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်ကို တပ်မတော်ထဲမှာရှိစဉ်ကကဲ့သို့ စွဲမြဲယုံကြည်နေအောင် အဖွဲ့အစည်းအတွင်း တာဝန်ရှိသူအသီးသီးတို့က အမြဲမပြတ် ထိတွေ့ ဟောပြောဆွေးနွေးနေကြရန် လိုအပ်ကြောင်း။

ယနေ့နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြောင်း၊ ပထမအဆင့်လည်းဖြစ် အရေးကြီးဆုံးကိစ္စလည်းဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိနေကြောင်း၊ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံ၏ အခန်းကဏ္ဍတစ်ရပ်ကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခုတစ်ဖန် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမျိုးသားညီလာခံကို ထပ်မံကျင်းပ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းအသီးသီးတို့မှ မြို့နယ်အဆင့်အထိပါဝင်သည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ တရားဝင်ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များအပါအဝင် အစုအဖွဲ့အားဖြင့် ရှစ်ဖွဲ့၊ လူတန်းစားအလွှာအသီးသီး တိုင်းရင်းသား ကိုယ်စားလှယ်များအသီးသီးတို့ ပါဝင်ညှိနှိုင်းဆွေးနွေးကြမည့် ညီလာခံကြီးဖြစ်ကြောင်း။

ဟန့်တားကာကွယ်

ယင်းညီလာခံကြီးက ညှိနှိုင်းဆွေးနွေးသဘောတူရရှိခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများအပေါ်တွင် အခြေခံပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသွားကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးမှာ အရေးကြီးကြောင်း၊ ဤညီလာခံကြီးကို ဖျက်လိုဖျက်ဆီးပြုလုပ်လိုကြသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ၊ မိမိတို့စစ်မှုထမ်းဟောင်းအဖွဲ့များ ကလည်း အခြားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မီးခင်နှင့်ကယ်ဆယ်ရေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ် စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မပေါ့သောသတိ၊ မလျော့သော လုံ့လ ဝီရိယတို့ဖြင့် စောင့်ကြပ်ကြည့်ရှုပြီး ဟန့်တားကာကွယ်သွားကြရမှာဖြစ်ကြောင်း။

မိမိတို့ အဖွဲ့ကြီးကိုလည်း အင်အားတောင့်တင်းခိုင်မာပြီး ဂုဏ်သိက္ခာရှိသည့် အဖွဲ့၊ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အင်အားစုကြီးတစ်ခုအဖြစ် ရပ်တည်သွားနိုင်အောင် ကြိုးပမ်းတည်ဆောက်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များအနေဖြင့် မိမိတို့ရောက်ရှိသည့် ပြည်နယ်၊တိုင်းအသီးသီးမှမိမိတို့၏ ရဲဘော်ရဲဘက် စစ်မှုထမ်းဟောင်းအဖွဲ့များကို ထိတွေ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသွားသည်။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ အထက်တန်းနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်း၌ပြုလုပ်သည်။ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲကို မုခ်ဦးတွင်ပြုလုပ်ရာ အေးရှားဝေါလ်ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာဦးထွန်းမြင့်နိုင်၊ CIFG ကုမ္ပဏီမှ Mr. Li Zhong Shu ၊ မြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်၊ မြို့နယ်ပညာရေးမှူးဦးသိန်းဇံတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက ကမ္ပည်းမော်ကွန်းအား ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ ဖွင့်ပွဲဒုတိယပိုင်း အစီအစဉ်များကို ကျောင်းဆောင်သစ်ခန်းမတွင် ဆက်လက်ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဒေသဖွံ့ဖြိုးရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ကျောင်းဆောင်သစ် ဆောက်လုပ်ခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။ အစီအစဉ်အရ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အလှူရှင်များသို့ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်များက ပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလှူငွေများပေးအပ်

ထို့နောက် ထူးကြီးအခြေခံပညာအထက်တန်းကျောင်း ပညာရေးရန်ပုံငွေ ပဒေသာပင်အတွက် အလှူငွေကျပ်သိန်း၁၀၀ကို CIFG ကုမ္ပဏီမှ Mr. Li Zhong Shu က ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးမြတ်စိုးက လက်ခံရယူသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်ကြသည်။

လှူဒါန်းဆောက်လုပ်

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ၁၀၀၊ အနံပေ ၃၀ ရှိ အာရ်စီသံကူကွန်ကရစ်အမျိုးအစား ကျောင်းဆောင်သစ်ဖြစ်၍ ခန်းမတစ်ခန်း၊ စာသင်ခန်းသုံးခန်းတို့ပါရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ CIFG ကုမ္ပဏီနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့က လှူဒါန်းဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏(၃/၂၀၀၄) အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တွဲဖက်အတွင်းရေးမှူးက (၁/၂၀၀၅)အစည်းအဝေးသို့ တင်ပြရန်ရှိသည့် လုပ်ငန်းဆိုင်ရာများကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် အဖွဲ့၏ အဖွဲ့ဝင်အင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်၊ လုပ်ငန်းတာဝန်ကြီးငါးရပ် အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အရှေ့အာရှ လွတ်လပ်သောကုန်သွယ်ရေးဒေသထူထောင်ရေး အာဆီယံ၊ တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားတို့ လေ့လာကြမည်

ပေကျင်း ဇန်နဝါရီ ၂၄

တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အာဆီယံ၁၀နိုင်ငံအကျုံးဝင်မည့် အရှေ့အာရှလွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရေးကိစ္စကို တရုတ်နိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများ မကြာမီ စတင်ဆွေးနွေးလေ့လာကြမည်ဟုအဆင့်မြင့် တရုတ်ကုန်သွယ်ရေးအရာရှိတစ်ဦးက တနင်္ဂနွေနေ့၌ ပေကျင်းတွင် ပြောကြားလိုက်သည်။

အရှေ့အာရှလွတ်လပ်သော ကုန်သွယ်ရေးဒေသသည် စီးပွားရေးပိုမိုလျင်မြန်စွာ တိုးတက်ရေးနှင့် အားလုံးအကျိုးဖြစ်ထွန်းစေမည့် အလားအလာများကို စူးစမ်းလေ့လာရာတွင် အဖွဲ့ဝင်နိုင်ငံများကို အထောက်အကူပြုမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးလက်ထောက်ဝန်ကြီး ယီရှောက်ကျန်က တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားသည်။

တရုတ်နှင့် အာဆီယံသည် တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးဒေသကို ဦးတည်သော အဓိက သဘောတူချက်နှစ်ရပ်ကို စတင်အကောင်အထည်ဖော်ခဲ့ကြပြီး ယခုနှစ်ဇူလိုင်၁ရက်မှစ၍ ပစ္စည်းအမျိုးအစား ၇၀၀၀ခန့်ကို အကောက်ခွန်များ လျှော့ချကြမည် ဖြစ်သည်။

ထိုအတောအတွင်း ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အလားတူ ကုန်သွယ်ရေး သဘောတူချက်များကို စတင်လုပ်ဆောင်ခဲ့ကြသည်။

အရှေ့အာရှသည် ကမ္ဘာတွင် စီးပွားရေး အလျင်မြန်ဆုံး တိုးတက်သည့် ဒေသဖြစ်ကြောင်း၊ တရုတ်၊ ဟောင်ကောင်၊တရုတ်(တိုင်ပေ)၊ ဂျပန်၊ တောင်ကိုရီးယားနှင့်အာဆီယံ ပါဝင်သော အဆိုပါဒေသအတွင်း ပြည်တွင်းစီးပွားရေးစုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)သည် ၂၀၀၃ခုနှစ်၌ ဒေါ်လာ ၇ ဒသမ ၇ ထရီလီယံအထိ ရောက်ရှိခဲ့ရာ ကမ္ဘာ့ စုစုပေါင်း၏ ၂၂ ဒသမ ၂ ရာခိုင်နှုန်း ရှိကြောင်း ယီရှောက်ကျန်က ပြောကြားသည်။ ဒေသအတွင်း ကုန်သွယ်ရေးသည် ပြီးခဲ့သည့်နှစ်များတွင် တစ်ဟုန်ထိုး တိုးတက်ခဲ့ပြီး၂၀၀၃ခုနှစ်တွင် ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၉၁၈ ဒသမ ၀၂ ဘီလီယံရှိခဲ့ပြီး စုစုပေါင်းပို့ကုန်၏၅၄ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ အဋ္ဌမအကြိမ် အာဆီယံ ခရီးသွားဝန်ကြီးများ အစည်းအဝေးကျင်းပပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်ကို ဇန်နဝါရီ ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်)

တန်ဇန်းနီးယားသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု ၂၀၁၀ပြည့်နှစ်တွင် တစ်သန်းရှိမည်မျှော်လင့်

ဒါရက်ဆလမ် ဇန်နဝါရီ ၂၄

အာဖရိက၏ အမြင့်ဆုံးတောင်ထိပ်နှင့် ကမ္ဘာတွင်ကျော်ကြားသည့် တောရိုင်းတိရစ္ဆာန်ဥယျာဉ်များရှိသော တန်ဇန်းနီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည် လာရောက်မှုနှုန်း တိုးတက်လျက်ရှိပြီး ၂၀၁၀ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် တစ်သန်းလာရောက်ရန် မျှော်လင့်ထားသည်။

၁၉၉၃နှင့် ၂၀၀၃ခုနှစ်အကြား ကမ္ဘာလှည့်ခရီးသည်လာရောက်မှု နှစ်စဉ်တိုးတက်မှုနှုန်းသည် ၁၉၉၃ခုနှစ်တွင် ၂၃၀၁၆၆မှ ၂၀၀၃ခုနှစ်တွင် ၅၇၆၁၉၈အထိ ကမ္ဘာလှည့်ခရီးသည် အရေအတွက် တိုးတက်ခဲ့သဖြင့် ပျမ်းမျှ ၁၅ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တန်ဇန်းနီးယားသဘာဝအရင်းအမြစ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာအနှံ့၌ အိန္ဒိယကုမ္ပဏီများပိုမိုလုပ်ကိုင်နိုင်ရေး အိန္ဒိယဝန်ကြီးချုပ် တွန်းအားပေးပြောကြား

နယူးဒေလီ ဇန်နဝါရီ ၂၄

ကမ္ဘာအနှံ့ဖြန့်ကြက်၍ လုပ်ငန်းဆောင်ရွက်သော အိန္ဒိယကုမ္ပဏီများ ပို၍လုပ်ကိုင်နိုင်မှုများပြားလာစေရန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက စနေနေ့၌ တွန်းအားပေးခဲ့ပြီး အိန္ဒိယကုမ္ပဏီများ၏ တိုးတက်ကြီးပွားရေး အတားအဆီးများအားလုံးကို မိမိအစိုးရက ဖယ်ရှားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့၏ ဆောင်ပုဒ်မှာ စုစုပေါင်း ပြည်တွင်းထုတ်ကုန် တိုးတက်ရန် စက်မှုကုန်ထုတ်လုပ်မှု တိုးတက်ရန်၊ ကုန်သွယ်ရေး တိုးတက်ရန်နှင့် အခြေခံအဆောက်အအုံ တိုးတက်ရန်တို့တွင် တရုတ်နိုင်ငံအတိုင်း ဆောင်ရွက်မည်ဆိုခြင်းဖြစ်ကြောင်း အောင်မြင်ရေးအတွက် အိန္ဒိယ စီအီးအို ယှဉ်ပြိုင်မှုအရည်အချင်းဆိုင်ရာ နှီးနှောပွဲ၌ ဝန်ကြီးချုပ်ကပြောကြားသည်ဟု အင်ဒိုအာရှသတင်းဌာနက ကိုးကားဖော်ပြသည်။

မိမိတို့အနေဖြင့် ၎င်းတို့၏စွမ်းအားကို ခိုင်မာစေရမည်ဖြစ်ကြောင်း၊ သို့မှသာ အကျိုးထိရောက်စွာ ဦးဆောင်နိုင်ပြီး ပြည်သူ့အရင်းအမြစ်များကို ပို၍ကျွမ်းကျင်ပိုင်နိုင်စွာ ဦးဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

လက်ရှိအနေအထားတွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် ၀ ဒသမ ၈ရာခိုင်နှုန်းမျှသာ ပါဝင်ဆောင်ရွက်နိုင်သေးပြီး ၂၀၀၂-၂၀၀၇ခုနှစ်အတွက် အလယ်အလတ် ကုန်ပစ္စည်းတင်ပို့မှုမဟာဗျူဟာကို ၂၀၀၆-၂၀၀၇ခုနှစ် ကမ္ဘာ့ကုန်သွယ်မှု၏ တစ်ရာခိုင်နှုန်းသတ်မှတ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လူတစ်ဦး အိန္ဒိယကျွန်းငယ်တစ်ခုပေါ်၌ ကယ်ဆယ်ခြင်းမခံရမီ ၂၅ရက်ကြာ အုန်းသီးများစားပြီး အသက်ရှင်ခဲ့ရ

နယူးဒေလီ ဇန်နဝါရီ ၂၄

ရှာဖွေကယ်ဆယ်ရေး ရေယာဉ်တစ်စင်းက တွေ့ရှိပြီး ကယ်ဆယ်ခြင်းမခံရမီ လူတစ်ဦးသည် အိန္ဒိယကျွန်းတစ်ကျွန်းပေါ်တွင် ၂၅ ရက်ကြာမျှ အုန်းသီးများကို အားထားစားသောက်ကာ အသက်ဆက်ခဲ့ရကြောင်း အရာရှိတစ်ဦးက စနေနေ့၌ ပြောကြားသည်။

ခေါ်ဆောင်ခဲ့

မိုက်ကယ်မန်ဂါဆိုသူသည် ၎င်း၏အဝတ်အစားများကို အလံပြုလုပ်ကာ ဝှေ့ယမ်းပြနေသည်ကို ကယ်ဆယ်ရေးရေယာဉ်များက တွေ့ရှိခဲ့ပြီးနောက် ယခုသီတင်းပတ်အစောပိုင်း၌ ၎င်းအား ပင်းလိုပန်ဂျာကျွန်းငယ်မှနေ၍ ခေါ်ဆောင်လာခဲ့ရသည်ဟု ၎င်းအရာရှိက ပြောကြားသည်။

နီကိုဘာရီမျိုးနွယ်စုဖြစ်သော မန်ဂါက ၎င်းအား ဦးစွာပထမ၌ ဒီလှိုင်းများ ပင်လယ်ထဲသို့ဆွဲယူသွားခဲ့ပြီး နောက်ဆက်တွဲလှိုင်းများက ၎င်းအား ကုန်းပေါ်သို့ ပြန်ပို့ပေးခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများကို ပြောပြခဲ့သည်။

နောက်ပိုင်း၌ ရေများပြန်ကျသွားသည်နှင့် သူသည် ကျေးရွာတစ်ရွာထဲသို့သွားရောက်ခဲ့ကြောင်း၊ သို့သော် လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ခဲ့ရကြောင်း ကယ်ဆယ်ရေးအရာရှိက ပို့တ်ဘလဲမှနေ၍ တယ်လီဖုန်းဖြင့် ရိုက်တာသို့ ပြောကြားသည်။ ၎င်းသည် အုန်းသီးများကိုစားသုံးကာ အသက်ဆက်ခဲ့ပုံရသည်ဟု ဆိုသည်။ အမ်အင်အေ၊ရိုက်တာ

တရုတ်ဒုတိယသမ္မတ ပြည်ပသို့အလည်အပတ်ခရီး ထွက်ခွာ

ပေကျင်း ဇန်နဝါရီ ၂၄

တရုတ်ဒုတိယသမ္မတ ကျန်ကျင်ဟွန်သည် ဇန်နဝါရီ ၂၃ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ မက္ကဆီကို၊ ပီရူး၊ ဗင်နီဇွဲလား၊ ထရီနီဒက်နှင့် တိုဘာကိုအပြင် ဂျမေကာနိုင်ငံတို့သို့ တရားဝင် အလည်အပတ်ခရီး သွားရောက်ရန်အတွက် စနေနေ့ ညနေပိုင်း၌ ပေကျင်းမှ ထွက်ခွာသွားသည်။

၎င်း၏ အလည်အပတ်ခရီးစဉ်တွင် ဒုတိယသမ္မတ ကျန်သည် ဖေဖော်ဝါရီ ၂ ရက်တွင် ဂျမေကာ၌ ကျင်းပမည့် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တရုတ်-ကာရစ်ဘီယံဖိုရမ်၏ ပထမအကြိမ် ဝန်ကြီးအဆင့် တွေ့ဆုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

မစ္စတာကျန်နှင့်အတူ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ရေးနှင့် အရည်အချင်းကြီးကြပ်ရေး အုပ်ချုပ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး လီချန်ကျန်း၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျောက်ဝင်းဇ်ဟောင်၊ ဒုတိယဘဏ္ဍာရေးဝန်ကြီး လီယွန်၊ ဒုတိယကုန်သွယ်ရေးဝန်ကြီး မာဆင်ဟွန်၊ တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး ဟီယီတင်နှင့် တရုတ်သွင်းကုန် ထုတ်ကုန်ဘဏ်ဥက္ကဋ္ဌ ယန်ဇီလင်တို့လိုက်ပါသွားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ နန်နင်းမြို့ရှိ စတိုးဆိုင်တစ်ဆိုင်၌ နွေဦးရာသီပွဲတော်အတွက် အိမ်အလှဆင်ပစ္စည်းများ ရောင်းချလျက်ရှိရာ အမျိုးသမီးငယ်တစ်ဦးက ကြည့်ရှုနေသည်ကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မူးယစ်ဆေးမှောင်ခိုရောင်းဝယ်သူ ၁၇ ဦး ဗီယက်နမ်တရားရုံးက သေဒဏ်ချမှတ်

ဟန္နိုင်း ဇန်နဝါရီ ၂၄

ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံး မူးယစ်ဆေးမှောင်ခိုရောင်းဝယ်မှုတွင် လူ ၁၇ဦးအား သေဒဏ်ချမှတ် အပြစ်ပေးလိုက်ကြောင်း တရားရုံးအရာရှိတစ်ဦးက ပြောကြားသည်။

အခြားမူးယစ်ဆေးမှောင်ခိုဂိုဏ်းဝင် ၁၀ဦးကို ထောင်ဒဏ် တစ်သက်၊ နှစ်ဦးကို ထောင်ဒဏ်လေးနှစ်နှင့် နှစ် ၂၀ အသီးသီးအပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း ဟိုချီမင်းမြို့တော် တရားရုံးအရာရှိက ပြောကြားသည်။

၎င်းတို့အား လက်နက်ပိုင်ဆိုင်ထားရှိမှု၊ လာအိုနယ်စပ်ရှိ ငီအန်ပြည်နယ် အလယ်ပိုင်းမှနေ၍ ဟိုချီမင်းစီးတီးသို့ ဘိန်းဖြူ ၈၂၀ကီလိုဂရမ် မှောင်ခိုသယ်ဆောင် ရောင်းဝယ်မှုတို့ဖြင့် တရားစွဲဆိုထားသည်။

အများဆုံး

အဆိုပါအမှုကို နှစ်ပတ်ကြာစစ်ဆေးခဲ့ရာ မူလထက် တစ်ပတ်စော ပြီးစီးခဲ့သည်။ ဗီယက်နမ်နိုင်ငံ၌ ရုံးတင်စစ်ဆေးသော အမှုများတွင် အမှုတစ်ခုတည်း၌ ယခုသေဒဏ်ပေးသော အရေအတွက်သည် အများဆုံးဖြစ်သည်။

အသက် (၄၅)နှစ်အရွယ်ရှိ ငုယင်ဗန်ဟေး (ခေါ်) ဟေလွှမ်ဦးဆောင်သည့် မူးယစ်ဆေး မှောင်ခိုဂိုဏ်းဝင်

ဖမ်းဆီးမိ

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမှ မူးယစ်ဆေးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် အချိန်ယူထောက်လှမ်းခဲ့ပြီးနောက် ပြီးခဲ့သည့် ဩဂုတ်လအတွင်း၌ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူများကို ပထမဆုံးအကြိမ်အဖြစ် ဖမ်းဆီးမိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဩစတြေးလျနိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၆ရက်နေ့တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံအမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်ဟားဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တပ်မတော် (ရေ) အင်ဂျင်နီယာအရာရှိငယ် သင်တန်းအမှတ်စဉ်(၃၉)မှ အကောင်းဆုံး ကျောင်းသားဆုရ ဗိုလ်ခွန်အောင်ဆန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက သင်တန်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ချီတက်အလေးပြု

ထို့နောက် သင်တန်းဆင်းတပ်ခွဲနှင့်စစ်ရေးပြတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြစဉ် တပ်မတော်(ရေ)မှစစ်ရေယာဉ်များက အုပ်စုဖွဲ့၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ရန်ကုန်မြစ်ကြောင်းမှ အလေးပြု မောင်းနှင်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက်ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တပ်မတော်(ရေ) စီမံခန့်ခွဲရေး အရာရှိငယ် သင်တန်းအမှတ်စဉ်(၆၅)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ-၄၂၇၇ ဗိုလ်မိုးကျော်ထိန်နှင့် အင်ဂျင်နီယာအရာရှိငယ် သင်တန်းအမှတ်စဉ်(၃၉)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ-၄၃၀၈ ဗိုလ်ခွန်အောင်ဆန်းတို့အား ဆုများအသီးသီး ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အမှာစကားပြောကြားရာတွင် တပ်မတော်(ရေ)စီမံခန့်ခွဲရေး အရာရှိငယ်သင်တန်းအမှတ်စဉ်(၆၅) နှင့် အင်ဂျင်နီယာအရာရှိငယ်သင်တန်း အမှတ်စဉ်(၃၉)သင်တန်းဆင်းသည့်နေ့တွင် ရဲဘော်တို့အား မှာကြားစရာရှိသည်များကို အလေးအနက်မှာကြားလိုကြောင်း။

ဆက်လက်လေ့လာပွားများ

ရဲဘော်တို့သည် သင်တန်းပြီးဆုံးအောင်မြင်၍ တာဝန်ကျရာ တပ်၊ စခန်း၊ ရေယာဉ်အသီးသီးကို သွားရောက်တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ တာဝန်ထမ်းဆောင်ကြရာတွင် ရဲဘော်တို့ကို သင်ကြားပေးလိုက်သည့် ပညာရပ်များသည် အခြေခံအဆင့်သာရှိသည့်အတွက် ယင်းပညာရပ်များကို လက်တွေ့ဘဝအတွေ့အကြုံများဖြင့် ပေါင်းစပ်ပြီး မိမိတို့၏ အရည်အသွေးပိုမိုမြင့်မားလာအောင် ဆက်လက်လေ့လာပွားများကြရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတာဝန်ထမ်းဆောင်ရာ၌ အခက်အခဲများကို ကျော်လွှားနိုင်ပြီး အောင်မြင်မှုများဖြင့် တွေ့ကြုံရမည်ဖြစ်ကြောင်း။

ရဲဘော်တို့သည် တပ်မတော်(ရေ)တွင် ခေါင်းဆောင်ငယ်များအဖြစ် ခန့်အပ်ခံရပြီး နောင်တစ်ချိန်တွင် တပ်မတော်(ရေ)၏ ကြီးမားသည့် တာဝန်များကို ပခုံးပြောင်းထမ်းဆောင်သွားကြရမည့်သူများဖြစ်သည်နှင့်အညီ တပ်မတော်၏ သမိုင်းအစဉ်အလာနှင့် တပ်မတော်(ရေ)၏ သမိုင်းအခြေအနေများကို သိရှိထားရန်လည်း လိုကြောင်း။

အကောင်အထည်ဖော်

တပ်မတော်သားဘဝကို ခံယူရရှိလာကြသည့် ရဲဘော်တို့သည် တပ်မတော်၏ မှန်မြတ်သောအစဉ်အလာ (၁၂)ရပ်ကို အသက်ပေးထိန်းသိမ်းကြရမှာဖြစ်ကြောင်း၊ တပ်မတော်၏ အစဉ်အလာများကို ဆက်လက်သယ်ပိုးကြရန် ရဲဘော်တို့သည် အဓိကအားဖြင့်စိတ်ဓာတ်ကောင်းရမည်၊စည်းကမ်းကောင်းရမည်၊ ထို့အပြင် မိမိတို့၏ လုပ်ငန်းတာဝန်အရ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုလည်း အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့ အနေဖြင့်စိတ်ဓာတ်ကောင်းရမယ်၊စည်းကမ်းကောင်းရမယ်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ရမယ်ဆိုသည့် အချက်များကိုလည်း စွဲမြဲစွာမှတ်သား အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း တပ်မတော်(ရေ) စီမံခန့်ခွဲရေး အရာရှိငယ် သင်တန်းအမှတ်စဉ်(၆၅)မှအကောင်းဆုံး ကျောင်းသားဆုရ ဗိုလ်မိုးကျော်ထိန်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မိမိတို့ နိုင်ငံသည် မြောက်ဘက်နတ်မြစ်ဝမှ တောင်ဘက် ဘုရင့်နောင်အငူအထိ မိုင်ပေါင်း ၁၃၈၅မိုင်ခန့် ရှည်လျားသည့် ကမ်းရိုးတန်းနှင့် ကမ်းခြေမှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာ စတုရန်းမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော် ကျယ်ဝန်းသည့် ပင်လယ်ပြင်ကိုပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ ပင်လယ်ပြင်ကြီးသည် ရေပေါ်ရေအောက်သက်ရှိသက်မဲ့ သယံဇာတများလည်း ပေါကြွယ်ဝကြောင်း၊ ထို့ကြောင့် ရဲဘော်တို့သည် ယင်းသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းရေးနှင့် လုံခြုံစွာထုတ်ယူအသုံးပြုနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရမည့်အပြင် မိမိတို့ ပင်လယ်ပြင်ကို ဝင်ရောက်လာမည့် ပြည်ပကျူးကျော်ရန်ဟူသမျှကိုလည်း ပင်လယ်ပြင်မှာပင် အပြီးတိုင်ခုခံ ကာကွယ်တားဆီးချေမှုန်းရမည်။ သို့မှသာ မြန်မာ့ပင်လယ် ဒို့ကာကွယ်ဆိုသည့် တပ်မတော်(ရေ)၏ အဓိက တာဝန်ကြီးကို ကျေပွန်မည်ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် Ocean Economy ဟုခေါ်သည့် အဏ္ဏဝါစီးပွားရေးလုပ်ငန်းများသည် ကမ္ဘာအနှံ့ တိုးတက်များပြားလာပြီး အကျိုးရှိစွာ အသုံးချနေပြီဖြစ်ကြောင်း၊ သိပ္ပံနည်းပညာများတိုးတက်လာမှုနှင့်အတူ Ocean Economy၏ အခန်းကဏ္ဍသည်လည်း ကြီးမားလာကြောင်း။

တစ်ဆက်တည်းပြောကြားလိုသည်မှာ ဒေသတွင်းတည်ငြိမ်မှုရှိမှ မြန်မာ့ပင်လယ်ပြင်လည်း တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ဒေသတွင်းရေတပ်များသည် တူညီသောအကျိုးစီးပွား၊ တူညီသောနားလည်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ရေတပ်များသည်လည်း ခေတ်နှင့်အညီရေတပ်များကို မြှင့်တင်တည်ဆောက်လျက်ရှိသည့်အတွက် မိမိတို့လည်း ဒေသတွင်း အခြားရေတပ်များနှင့် တန်းတူရင်ပေါင်တန်း ပူးပေါင်းဆောင်ရွက်နိုင်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် ရေတပ်ဆိုင်ရာ ပညာရပ်များကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လေ့လာကြပါ၊လေ့ကျင့်ကြပါ၊ ကြိုးစားကြပါဟုတိုက်တွန်းလိုကြောင်း။

ကြိုးစားအားထုတ်

ရဲဘော်တို့သည် တပ်မတော်(ရေ)၏ ခေါင်းဆောင်ငယ်များဖြစ်ကြသည့်အတွက် ခေါင်းဆောင်ငယ်များ ပီသအောင် ပြောဆိုကျင့်ကြံနေထိုင်ပြုမူကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို ထက်မြက်သည့် ခေါင်းဆောင်အဖြစ် လက်အောက်က ယုံကြည်ကိုးစားလာအောင် ခေါင်းဆောင်မှုအင်္ဂါရပ်များ ပြည့်ဝသည်ထက် ပြည့်ဝအောင် အစဉ်အမြဲကြိုးစား အားထုတ်ကြရန် အထူးမှာကြားလိုကြောင်း။

ယခုအချိန်အခါတွင် မိမိတို့သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေချိန်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ကြီးကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တိုင်းရင်းသားအားလုံး ခိုင်မာစွာ စည်းလုံးညီညွတ်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပါမှ မျှော်မှန်းထားသည့် နိုင်ငံတော်သစ်ကို ရောက်မှာဖြစ်ကြောင်း၊ ပြည်နယ် ခုနစ်ခု၊ တိုင်းခုနစ်ခုဖြင့်ဖွဲ့စည်းထားသည့် မိမိတို့နိုင်ငံတော်အတွက် ပြည်ထောင်စုစိတ်ဓာတ်သည် မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးတာဝန်ဖြင့် နေရာအနှံ့တာဝန်ထမ်းဆောင်နေရမည့်ရဲဘော်တို့သည် ရောက်ရာဒေသ၊ ကျရာတာဝန်မှာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးကို အားသွန်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ နောက်တစ်ချက်ဖြစ်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် တပ်တည်ဆောက်ရေးလုပ်ငန်းတာဝန်ကြီး(၄)ရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရန် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရာတွင် ဦးတည်ချက်(၁၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယင်းကဲ့သို့ဆောင်ရွက်နေချိန်တွင် တပ်မတော်သား အားလုံးသည် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သည့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်ကို မဏ္ဍိုင်ပြုကာ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ကြရန်နှင့် နိုင်ငံ့တာဝန်၊ တပ်မတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ ကျေပွန်အောင် အားသွန်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း စသည်ဖြင့် တိုက်တွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ခြင်း အခမ်းအနားကို သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က သင်တန်းဆင်းအရာရှိများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းဆင်းအရာရှိများအား လိုအပ်သည်များမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက်ရောက်

တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်းအမှတ်စဉ်(၆၅)နှင့် အင်ဂျင်နီယာအရာရှိငယ်သင်တန်းအမှတ်စဉ်(၃၉)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း နိုင်ငံလုံးဆိုင်ရာညီလာခံ ဇန်နဝါရီ ၂၉ ရက်တွင် သူနာပြုတက္ကသိုလ်၌ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏(၅၆)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဇန်နဝါရီ ၂၇ရက်တွင် ကျင်းပမည်ဖြစ်ပြီး အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနိုင်ငံလုံးဆိုင်ရာညီလာခံကို ဇန်နဝါရီ ၂၈ရက်တွင်ကျင်းပမည့်အစား ဇန်နဝါရီ ၂၉ရက်တွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)ဖွင့်ပွဲတက်ရောက် ဒေသတွင်းပြည်သူများစက်ရုံထုတ်ကုန်များဈေးနှုန်းသက်သာစွာဝယ်ယူသုံးစွဲနိုင်တော့မည်

ရန်ကုန် ဇန်နဝါရီ ၂၅

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်စနာရီတွင် အဆိုပါစက်ရုံရှေ့ ဥပစာ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ရမည်းသင်းတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်လှမြင့်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုး သမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ စည်တော်အဖွဲ့ဝင်များ စုစုပေါင်းအင်အား၃၀၀၀ခန့် တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးဦးအောင်သောင်းနှင့် ဌာနဆိုင်ရာများသည် စက်ရုံမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်တို့က ဖဲကြိုးဖြတ်၍ စက်ရုံကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ခလုတ်နှိပ်၍ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးဦးအောင်သောင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များသည် အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)၌ တပ်ဆင်ထားသော စက်ပစ္စည်းများနှင့် ရက်ကန်းစင် ၄၀၀ တိုးချဲ့စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ရုံဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာအမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)၏ တည်နေရာ၊ အကောင်အထည်ဖော်သည့် အဖွဲ့အစည်း၊ စက်ရုံတည်ဆောက်ရခြင်း ရည်ရွယ်ချက်၊ တပ်ဆင်ထားသည့် စက်ကိရိယာများ၊ အဓိကကုန်ကြမ်း လိုအပ်ချက်နှင့် ထုတ်လုပ်မှုစွမ်းအား၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် နှစ်စဉ်သွင်းအားစု လိုအပ်ချက်များနှင့် ဝန်ထမ်းအင်အား အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်ရုံဖွင့်ပွဲအထိမ်း အမှတ်အဖြစ် ရမည်းသင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွက် အလှူငွေကျပ် ငါးသောင်းကို မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကျော်တင့်အား လည်းကောင်း၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအတွက် အလှူငွေကျပ် ငါးသောင်းကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သောင်းရီအား လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွက် အလှူငွေကျပ် ငါးသောင်းကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သောင်းအားလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ရမည်းသင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးသော်တာဆောင်က စက်ရုံဖွင့်လှစ်ပေး၍ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)သည် မန္တလေးတိုင်း ရမည်းသင်းမြို့၏မြောက်ဘက် ငါးမိုင်ကျော်ခန့်အကွာ ရန်ကုန်–မန္တလေးကားလမ်းဘေး၌တည်ရှိပြီးမြေဧရိယာ၂၆ဒသမ ၄၈ဧကကျယ်ဝန်းသည်။

စက်၂၄လုံးတပ်ဆင်ထား

ဆေးဆိုးပန်းရိုက်စက်ရုံတွင် ပိတ်ကြမ်းစစ်ဆေးစက်၊ မီးမြိုက်ကော်ချွတ်စက်၊ ဂျစ်ဂါအဖြူချွတ်ဆေးဆိုးစက်၊ အရောင်တင်အခြောက်လှန်းစက်၊ ပိတ်သားအနံဆန့်စက်၊ ဘောင်ပန်းရိုက်စက်၊ ဆေးရောင်ဖော်ရေလျှော်၊ အခြောက်ခံစက်၊ ပိတ်သားပေါင်းတင်စက်၊ ပိတ်အသားသေစက်၊ ပိတ်ချောစစ်ဆေးစက်၊ ပိတ်ခေါက်စက်၊ ဘေထုပ်စက်နှင့် ဘွိုင်လာသုံးတန်အပါအဝင် စုစုပေါင်းစက်၂၄လုံး တပ်ဆင်ထားရှိသည်။

ရက်ကန်းစင်၄၀၀တိုးချဲ့စက်ရုံတွင် လွန်းပြောင်းရက်ကန်းစင်၄၀၀၊ ရက်ဖောက်စက်၁၉လုံး၊ ကော်တင်စက်နှစ်လုံး၊ တိုင်ချည်ရှည်စက်နှစ်လုံး၊ ချည်ကတော့စက်တစ်လုံး၊ ပိတ်စစ်စက်လေးလုံး၊ ပိတ်ခေါက်စက်နှစ်လုံးနှင့် ဘွိုင်လာ၀ဒသမ၈တန် သုံးလုံးတပ်ဆင်ထားရှိသည်။

ထုတ်လုပ်မှု စက်စွမ်းအားအနေဖြင့် တစ်နှစ်လျှင် ပိတ်ညိုကိုက် သိန်းပေါင်း၃၄ဒသမ၅၆သိန်း၊အဖြူချွတ်ပိတ်ကိုက်သိန်းပေါင်း၁၂ဒသမ၉၆သိန်း၊ ဆေးဆိုးပိတ် ကိုက်သိန်းပေါင်း ၁၂ဒသမ၉၆သိန်းနှင့် ပန်းရိုက်ပိတ်ကိုက်သိန်းပေါင်း ၈ဒသမ၆၄သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံကို နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ဒေသတွင်းနေထိုင်ကြသော ပြည်သူများ၏ ဝမ်းရေးကဏ္ဍအား တစ်ပိုင်တစ်နိုင်ဖြည့်ဆည်းပေးနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ တိုးတက်ရရှိစေရန်၊ ဒေသတွင်းပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲ ခွင့်ရရှိစေရန်၊ အထည်ရက်လုပ်ခြင်းနှင့် ဆေးဆိုးပန်းရိုက် နည်းပညာများ ပြန့်ပွားလာစေရန် ရည်ရွယ်ချက်များဖြင့် ဆေးဆိုးပန်းရိုက်စက်ရုံကို ၂၀၀၁ခုနှစ် အောက်တိုဘာ ၂၂ ရက်ကလည်းကောင်း၊ ရက်ကန်းစင် ၄၀၀ တိုးချဲ့စက်ရုံကို ၂၀၀၃ခုနှစ် မေ၃၀ရက်က လည်းကောင်း စတင်တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

စက်ရုံဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဦးအောင်သောင်းလိုက်ပါလျက် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ(ရမည်းသင်း) သို့ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စက်ရုံမှ ရွှေဝါဆပ်ပြာများအဆင့်ဆင့်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ကာဘော်လစ်၊ ဆန်းလိုက်ဆပ်ပြာထုတ်လုပ်နေမှုအဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွှေးဆပ်ပြာထုတ်လုပ်မှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဦးအောင်သောင်းနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆပ်ပြာတန်၄၀ထုတ်လုပ်

အဆိုပါစက်ရုံသည် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ရန်ကုန်–မန္တလေး ကားလမ်းဘေး မိုင်တိုင်အမှတ် (၃၀၅/၂)နှင့် (၃၀၅/၄) ကြားရွှေဒါးရွာအနီး၌ တည်ရှိပြီး တစ်နေ့လျှင် ဆပ်ပြာတန် ၄၀ ထုတ်လုပ်လျက်ရှိသည်။ စက်တပ်ဆင်ထားရှိမှု စက်စွမ်းအားမှာ တစ်နှစ်လျှင် အဝတ်လျှော်ဆပ်ပြာ တန် ၁၃၂၀၀၊ ကိုယ်တိုက်ဆပ်ပြာ တန် ၁၉၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

အာဆီယံရိက္ခာဖူလုံရေးသတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံ ရိက္ခာဖူလုံရေး သတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်များက Statistics and Deta Utilization for Agriculture Policies အကြောင်းကို ဆွေးနွေးတင်ပြကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက Technological Development and Its Application to Agricultural Statistics and Information အကြောင်းကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးသို့ တက်ရောက်လာကြသူများက Expected Output and Contribution of the AFSIS Project During the Period of 2005-2007 နှင့် Adoption of Summary Report တို့ကို ဆွေးနွေးတင်ပြကြပြီး ညနေပိုင်းတွင် အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကို ရုပ်နားလိုက်သည်။

ဇန်နဝါရီ ၂၈ရက်တွင် အာဆီယံ ရိက္ခာဖူလုံရေးသတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ်အစည်းအဝေးကို နောက်ဆုံးနေ့အဖြစ် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ရေး နေ့မအားညမနား စွမ်းစွမ်းတမံထမ်းဆောင်နေ ခေတ်မီနိုင်ငံတော်ကြီးဖြစ်လာမှ တိုင်းရင်းသားပြည်သူများ စီးပွားရေးဘဝတောင့်တင်းခိုင်မာလာမည်

● *ကျော့ဖုံးမှ*

အခမ်းအနားမစတင်မီ နံနက် ၇ နာရီမှစတင်၍ နွားထိုးကြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင်ဦးတင်လှ ခေါင်းဆောင်သော ငါန်းဇွန်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ပြည်သူများသည် ဗျူဟာလမ်း မြောက်ဘက်၌လည်းကောင်း၊ နွားထိုး ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးအေးကျော်ခေါင်းဆောင်သော နွားထိုးကြီးမြို့နယ်မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူ များသည် ပြင်စည်ကျေးရွာ အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရှေ့၌လည်းကောင်း၊ နွားထိုးကြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးမြင့်ခိုင် ခေါင်းဆောင်သော ကျောက်ပန်းတောင်းမြို့နယ်မှ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ ပြည်သူများသည် ဝါနှင့် ပိုး အဝယ်ဒိုင်ရှေ့၌လည်းကောင်း၊ နွားထိုး ကြီးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်ခေါင်းဆောင်သော ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များနှင့် ပြည်သူများသည် ပြင်စည် ရဲစခန်းရှေ့၌လည်းကောင်း၊ နွားထိုး ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစိုးမြင့် ခေါင်းဆောင်သော ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များနှင့် ပြည်သူများသည် ပြင်စည် အခြေခံပညာအထက်တန်းကျောင်းရှေ့ ၌လည်းကောင်း၊ စုရပ်အသီးသီး၌ နေရာယူကြပြီး နံနက် ၇ နာရီခွဲမှ စတင်ကာ ဆင်အကများ၊ မြန်မာ့ ရိုးရာ အတီးအမှုတ်အကများဖြင့် ရွှင်လန်းတက်ကြွစွာချီတက်၍ အခမ်း အနားကျင်းပမည့် ကွင်းအတွင်းရှိ သတ်မှတ်နေရာ အသီးသီး၌ စနစ် တကျ နေရာယူကြသည်။

ထို့နောက် အခမ်းအနားကို နံနက် ၈ နာရီ မိနစ် ၄၀ တွင် စတင် ကျင်းပ ရာ သဘာပတိအဖြစ် မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဖဲက ဆောင်ရွက်၍ သဘာ ပတိ အဖွဲ့ဝင်များအဖြစ် နွားထိုးကြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်အုန်းတင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်၊ မြို့နယ် စစ်မှုထမ်း ဟောင်း အဖွဲ့ဥက္ကဋ္ဌ ဦးကိုကို ကြီးနှင့် ပြင်စည်ကျေးရွာမှ ရပ်မိ ရပ်ဖ ဦးတိုး လှိုင်တို့က ဆောင်ရွက်ကြပြီး အခမ်း အနားမှူးအဖြစ် မြင်းခြံမြို့နယ် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်ဝါဝါ စိုးကလည်းကောင်း၊ တွဲဖက် အခမ်း အနားမှူးအဖြစ် မြင်းခြံမြို့နယ် အမှတ် (၁၆)ရပ်ကွက် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံး ရေးအဖွဲ့ဝင် ဒေါ်အေးမြသူကလည်း ကောင်း ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအားအလေးပြု

ရှေးဦးစွာအခမ်းအနားမှူးက အခမ်း အနားစတင်ကြောင်း ကြေညာပြီး အခမ်းအနား တက်ရောက်လာကြသူ များက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ မန္တလေး တိုင်း မြင်းခြံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးအောင်ဖဲက အမှာစကားပြော ကြားရာ၌ ယနေ့ မိမိတို့အားလုံး ဤနေရာ၌ စုဝေးရောက်ရှိလာခြင်း သည် ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကြီးကိုအလေးအနက် ဂုဏ်ပြုရန်နှင့် ယခု ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို ကြိုဆို ထောက်ခံကြရန်အတွက်ဖြစ်ကြောင်း။

ရှမ်းပြည်နယ် ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ၁၂ရက်တွင် တိုင်း

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေး တိုင်း မြင်းခြံခရိုင် နွားထိုးကြီး မြို့နယ် ပြင်စည်စံပြ ကျေးရွာ၌ ကျင်းပရာ သဘာပတိ မန္တလေး တိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဖဲ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရင်းသားအားလုံး တစည်းတလုံးတည်း သော ပြည်ထောင်စုကြီးအဖြစ် ရပ် တည်ပြီး ဥမကွဲသိုက်မပျက် နေထိုင် ကြရန် တညီတညွတ်တည်း ဆုံးဖြတ် ခဲ့ကြကြောင်း။

နေ့ထူးနေ့မြတ်

ယင်းဆုံးဖြတ်ချက်ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့သည် သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးဖြစ်လာ ခဲ့ကြောင်း။

ထိုကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံ တော်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံ ၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၇ခုနှစ် ဇန်နဝါရီ၄ရက်တွင် မိမိတို့ အားလုံး သူ့ကျွန်ဘဝက လွတ်မြောက် လာခဲ့ရကြောင်း၊ ဖိနှိပ်အုပ်ချုပ် သွေး စုပ်ခြယ်လှယ်ခဲ့သော တိုင်းတစ်ပါး နယ်ချဲ့အောက်က လွတ်မြောက်လာရ ခြင်းသည် ပြည်ထောင်စုကြီးကို ဖြစ် ပေါ်စေခဲ့သည့် တိုင်းရင်းသားအားလုံး ၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်ကြီး

ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပြည် ထောင်စုနေ့အခမ်းအနားကို နှစ်စဉ် ဂုဏ်ယူကျင်းပခဲ့ကြကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရသည် တလုံးတစည်း တည်းသော ပြည်ထောင်စုကြီး မပြို ကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေး တာဝန်ကြီးသုံးပါးကို ကိုင်စွဲပြီး နိုင်ငံတော်ကြီးကို တည် ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် အမိ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး အတွက် နေ့မအား ညမနား စွမ်းစွမ်း တမံ ထမ်းဆောင်နေကြောင်း။

အမိပြည်ထောင်စု မြန်မာနိုင်ငံ တော်ကြီးနိုင်ငံတကာနှင့်ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် ခေတ်မီနိုင်ငံ တော်ကြီးဖြစ်ပေါ်လာအောင်အားထုတ် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ခေတ်မီနိုင်ငံတော်ကြီး

အမိပြည်ထောင်စု မြန်မာနိုင်ငံ တော်ကြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ထည်ဝါစွာရပ်တည် နိုင်ရန် ကြိုးစားထမ်းရွက်ကြရမည် ဖြစ်သကဲ့သို့ ခေတ်မီနိုင်ငံတော်ကြီးဖြစ် လာရေးကိုလည်း ကြိုးပမ်းအားထုတ် ကြရမည်ဖြစ်ကြောင်း။

ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာမှ သာ တိုင်းရင်းသားပြည်သူအပေါင်း၏ စီးပွားရေးဘဝ တောင့်တင်းခိုင်မာလာ မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ခေတ်မီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ကဏ္ဍပေါင်းစုံ၊ ဒေသပေါင်းစုံ၌ တည် ဆောက်လျက်ရှိကြောင်း။

စေတနာပေါ်လွင်

စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ် ရေး၊ စက်မှုဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍပေါင်းစုံတွင် အင်တိုက်အားတိုက် တည်ဆောက်ပေး လျက်ရှိကြောင်း၊ ပုဂံ အနော်ရထာ မင်းမှစ၍ မြန်မာဘုရင်များလက်ထက် ၌ ဆည်တမံ၁၀ခု၊ ကိုလိုနီလက်ထက်၌ ဆည်တမံရှစ်ခု၊ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်၌ ဆည်တမံ ၅၁ ခု၊ လမ်းစဉ်ပါတီခေတ်၌ ဆည်တမံ၆၉ခု၊ နှစ်ပေါင်းတစ်ထောင်နီးပါး၌ ဆည် ပေါင်း ၁၃၈ခုသာ တည်ဆောက်ပေး နိုင်ခဲ့ကြောင်း၊ ယနေ့ နိုင်ငံတော် အစိုးရလက်ထက်တွင် ဆည်မြောင်း တာတမံပေါင်း ၁၆၉ ခုကို ၁၆ နှစ် အတွင်း၌ တည်ဆောက်ပေးနိုင်ခဲ့ ကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ခြင်း ကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော် အစိုးရ၏ ပြည်သူများကြီးပွားတိုးတက် ရေးကို ရှေးရှုထားရှိသည့်စေတနာမှာ ပေါ်လွင်ထင်ရှားကြောင်း။



ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ လမ်းပန်း ဆက်သွယ်ရေးကဏ္ဍဖြည့်ဆည်းဆောင် ရွက်ပေးမှုများကြောင့် ယနေ့တိုင်းပြည် အဝန်း တစ်နံတစ်လျား ရာသီမရွေး၊ အချိန်မရွေး သွားလာနိုင်သည့်အခြေ အနေရနေပြီး ကျေးရွာချင်းဆက် လမ်းများလည်း ဖောက်လုပ်ပေးနိုင် ပြီဖြစ်သည့်အတွက် ကျေးရွာများ၏ ကူးလူးဆက်ဆံမှုသည် လွယ်ကူ ချောမောလာပြီဖြစ်ကြောင်း။

ကျန်းမာရေး

ကျန်းမာရေးကဏ္ဍ အနေဖြင့် လည်း ပြည်သူလူထု ကျန်းမာရေး အတွက် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်းများစွာ တိုးမြှင့်သုံးစွဲ ခဲ့သည့်အတွက် မန္တလေးမြို့နှင့် ရန်ကုန် မြို့ကြီးများကို သွားရောက် အားထား ကုသရသည့်အခြေအနေမှ ကိုယ့်မြို့ ကိုယ့်ဒေသ ကိုယ့်ရွာ၌ ကုသနိုင်သည့် အခြေအနေများရနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပြည်သူတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုကို စနစ်တကျ ဆောင် ရွက် အားထုတ်ပေးနေခြင်းမှာ ထင်ရှား လျက်ရှိကြောင်း။

အခြေခံပညာ ကဏ္ဍတွင်လည်း နိုင်ငံတစ်ဝန်းလုံး အခြေခံပညာ ကျောင်းပေါင်း ၄၀၅၀၅ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်း အခြေခံပညာ သင်ယူခွင့်ရရှိရေးကို စီမံကိန်းချ ဆောင်ရွက်ပေးခဲ့ရာ ယခင် မူလတန်းအဆင့် ကျောင်းနေ နှုန်း၇၇ရာခိုင်နှုန်းသာရှိခဲ့သည့်အတွက် ကျန်းကလေးများ၏ ပညာရေးသည် အဟောသိကံဖြစ်ခဲ့ရကြောင်း၊ ယခု ခေတ်တွင် ‘ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည် ဆောက်အံ့’ဟူသော ဆောင်ပုဒ်နှင့်အညီ အစီအစဉ်တကျ စီမံဆောင်ရွက်ပေး သည့်အတွက် ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနှုန်း၉၆ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ ကြောင်း၊ ထိုတိုးတက်မှုနှုန်းသည် မည် သည့် ဖွံ့ဖြိုးပြီး နိုင်ငံနှင့်မဆို ယှဉ်ပြိုင် နိုင်သည့် အခြေအနေရှိကြောင်း၊ လူတိုင်းအတွက် ပညာရေးသည် ယခင်စာတတ်နှုန်း ၇၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခု ၉၃ ဒသမ ၃ ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့ကြောင်း။

ပညာရှင်များမွေးထုတ်

တစ်နိုင်ငံလုံး၌ ယခင် တက္ကသိုလ်/ ကောလိပ် ၃၃ ခုမှ ၁၅၆ ခုအထိ ဖွင့် လှစ်နိုင်ခဲ့ပြီး မိမိတို့ ခေတ်အဆက် ဆက်မျှော်မှန်းခဲ့သည့် ခရိုင်အတွင်း၌ ဒီဂရီကောလိပ်ကြီးနှင့် နည်းပညာ ကောလိပ်ကြီးများ တည်ရှိလာပြီ ဖြစ် ကြောင်း၊ ဘွဲ့လွန်ပညာကဏ္ဍ၌ ပါရဂူ တန်းအထိ ဖွင့်လှစ်ကာ ဘာသာရပ် အသီးသီးတွင် ပါရဂူဘွဲ့ပညာရှင်များ ကို မွေးထုတ်ပေးနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်သည် ပညာရေးကဏ္ဍ တွင် အင်အားကြီးမားစွာ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေသည့်အတွက် အရည် အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ရရှိနိုင်ပြီ ဖြစ်ကြောင်း။

ဒေသပေါင်းစုံကို ကြည့်လျှင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များကို စီကာစဉ်ကာ တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် အေးချမ်း တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ထာဝရတည်တံ့ စေရန် ယခုကဲ့သို့ အခြေခံကောင်းများ တည်ဆောက် ရင်းနှီးမြှုပ်နှံနေခြင်း သည် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် စနစ်တကျ အသွင်ကူးပြောင်းနိုင်ရန် အတွက် ဖြစ်ကြောင်း။

စိန်မြရုံခြယ် ဂုဏ်အသွယ်သွယ်

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရ သည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့ ကြောင်း၊ ထိုလမ်းစဉ် (၇)ရပ်အနက် ပထမဆုံးလမ်းစဉ်ဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများ ချမှတ်ပေးမည့် အမျိုး သားညီလာခံကြီးကို ပြီးခဲ့သည့် ၂၀၀၄ ခုနှစ် မေလမှ စတင်ကျင်းပနိုင်ခဲ့ ပြီဖြစ်ကြောင်း၊ မကြာခင်တွင်လည်း မိမိတို့ တိုင်းရင်းသား ပြည်သူအား လုံး ဂုဏ်ပြုကြသည့် ပြည်ထောင်စု နေ့ကြီးနှင့် နိုင်ငံတော်ကြီး ရှေ့ရေး အတွက် အသက်တမျှ အရေးကြီးသော အမျိုးသားညီလာခံကြီး ပြန်လည် စတင်ကျင်းပတော့မည်ဖြစ်သည့် အတွက် ယခုနှစ် ဖေဖော်ဝါရီလ သည် ‘စိန်မြရုံခြယ် ဂုဏ်အသွယ်သွယ်’ နှင့် တင့်တယ်သည့်လဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအနေဖြင့် ယနေ့နိုင်ငံ တော်က ချမှတ်ဆောင်ရွက်လျက်ရှိ သည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင် မြင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်း သားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် အလေး အနက် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုနေ့

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့နယ် ပြည်ထောင် စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီနိုင်က တင်ပြရာ၌ သဘာပတိကြီးက ပြည် ထောင်စုနေ့ကို နေ့ထူးနေ့မြတ်ကြီး အဖြစ် ပြောကြားသွားကြောင်း၊ တစည်းတလုံးတည်းသောပြည်ထောင် စုကြီးအဖြစ် ရပ်တည်နေထိုင်သွားကြ ရန် တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်စွာ ဆုံးဖြတ်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို ဂုဏ်ပြုပြီး ထိုနေ့ကို မိမိတို့နိုင်ငံ၏ ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြ ကြောင်း။

ထိုသမိုင်းဝင် စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် မိမိတို့သည် လွတ် လပ်ရေး ရခဲ့ကြောင်း၊ သူ့ကျွန်ဘဝက လွတ်မြောက်ခဲ့ကြကြောင်း၊ အချုပ် အခြာအာဏာ ပြန်လည်ရရှိလာခဲ့ကြ ကြောင်း၊ လွတ်လပ်သော နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ် တည်ခွင့် ရရှိလာခဲ့ကြကြောင်း။

ကြိုးပမ်းအားထုတ်မှု

ထို့ကြောင့် ပြည်ထောင်စုနေ့ကြီး သည် ဂုဏ်ထူးဝိသေသပေါင်းများစွာ နှင့် ပြည့်စုံနေကြောင်း၊ ပြည်ထောင်စု နေ့ကြီးကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ် နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့ကြကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုခဲ့ကြ ကြောင်း။

ယခုနှစ် ပြည်ထောင်စုနေ့ကို နိုင်ငံ တော်အစိုးရက ဦးတည်ချက်(၅)ရပ်နှင့် ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဦးတည် ချက်များမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြို ကွဲရေးနှင့် အချုပ်အခြာအာဏာတည် တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူ ဝါဒကို ပြည်ထောင်စု တိုင်းရင်းသား

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

အားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးလပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်ကို အားလုံးသိရှိပြီး ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုသားများသည် နှစ်ပေါင်း ထောင်ချီပြီး အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး နေထိုင်လာခဲ့ကြကြောင်း။

ဒို့တာဝန်အရေးသုံးပါး

ယနေ့ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ပြီး တစ်မျိုးသားလုံးနှင့် ပူးပေါင်းလက်တွဲ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့်အတွက် ဖွံ့ဖြိုး တိုးတက်မှု လမ်းကြောင်းမှန်ကို အလေးအနက် ဆောင်ရွက်ခဲ့ကြောင်း၊ ပင်လုံဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် စွမ်းစွမ်းတမံ အကောင်အထည်ဖော်ခဲ့ကြောင်း၊ ယခုအခါ ပင်လုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာကောလိပ်နှင့်လွိုင်လင်ဆေးရုံကြီးတို့သည် ပင်လုံဒေသဖွံ့ဖြိုးမှု၏ သင်္ကေတများ အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေပြီ ဖြစ်ကြောင်း၊ ပင်လုံဒေသကို ဗဟိုပြုပြီး လမ်းပန်းဆက်သွယ်ရေးကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည်လည်း တစ်နိုင်ငံလုံးကိုယ်စားလှယ်များ ပင်လုံမြို့၌ စုဝေးပြီး အစဉ်အလာ ကြီးမားလှသည့် နေ့ထူးနေ့မြတ်ပြည်ထောင်စုနေ့ကို မိမိတို့ပြည်သူလူထု အစည်းအဝေးကြီးက အလွန်တန်ဖိုးထားဂုဏ်ပြုပါကြောင်း ဖြင့် တင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း မြင်းခြံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်က တင်ပြရာ၌ မိမိအနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးကိုယ်စား ကြိုဆိုထောက်ခံ တင်ပြလိုကြောင်း။ တော်သစ်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရေးအတွက် ယနေ့နိုင်ငံတော်အစိုးရသည် စနစ်တကျ တစ်ဆင့်ချင်း ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းကို အားလုံးသိမြင်ကြပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် အတူတကွ နေထိုင်ကြကြောင်း။

ဦးစားပေးဆောင်ရွက်

ထို့ကြောင့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ ပေါ်ထွန်းလာနေခြင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခု မိမိတင်ပြသည့် ရလဒ်များသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် အရင်းအနှီးများဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ပြီဖြစ်သည့်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာမည့် ရောင်ခြည်များသန်းနေပြီဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားခြင်းဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်လုံး အောင်မြင်လာမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအဖြစ် ပေါ်ထွန်းလာသည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံး၊ မိမိတို့အားလုံး ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သည့်ကိစ္စမဆို အောင်မြင်မည်ဟု မိမိယုံကြည်ကြောင်း။

မိမိတို့ သတိပြုရမည်မှာ အဖျက်အမှောင့် အန္တရာယ်ပင် ဖြစ်ကြောင်း၊

တစ်မျိုးသားလုံး ပူးပေါင်းလက်တွဲကြိုးပမ်းခဲ့၍ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီ
အဖျက်အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့်ကာကွယ်ရေး ဦးတည်ချက်၏အနှစ်သာရဖြစ်

အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးတို့ဖြစ်ကြောင်း။

ယင်းဦးတည်ချက်များသည် နိုင်ငံရေးအနှစ်သာရများနှင့် ပြည့်စုံနေပြီး ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းကာကွယ်ရင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်ရေးသည် ဦးတည်ချက်များ၏ အနှစ်သာရဖြစ်ကြောင်း။

စည်းလုံးညီညွတ်မှုစွမ်းအား

သဘာပတိကြီး၏ အမှာစကားတွင်ပါရှိသည့်အတိုင်း တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် မိမိတို့နိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်သည့်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံကို ချစ်မြတ်နိုးသောစိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုးအတွက် အသက်စွန့်ရန် ဝန်မလေးသော စိတ်ဓာတ်များကြောင့် ဆုံးရှုံးခဲ့ရသည့် လွတ်ပေါ်ကို ရောက်ရှိနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက အေးချမ်းတည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်အားဖြင့်စည်းလုံးညီညွတ်မှုကို စတင်ကြိုးပမ်းခဲ့ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင် ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေး သဘောတူညီမှုရယူပြီး လက်တွဲဖော်ဆောင်ခဲ့ကြောင်း။

အသီးအပွင့်များစတင်မြင်တွေ့

နိုင်ငံတော် ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရာတွင် လုံခြုံရေးကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးကို ပထမဆုံး စတင် ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသ အားလုံး လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင် ငွေလုံးငွေရင်းများစွာပုံအောပြီး ဖော်ဆောင်ခဲ့သဖြင့် ယနေ့တွင် အသီးအပွင့်များကို စတင်မြင်တွေ့နေရပြီ ဖြစ်ကြောင်း။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး စတင် သန္ဓေတည်ရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံဒေသ ဖွံ့ဖြိုးရေးအစိုးရ၏ ပင်လုံဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်မှုကို ဂုဏ်ပြုခဲ့ကြပြီး ဖြစ်ကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားများရှိရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ပုံအောဆောင်ရွက်ခြင်းကြောင့် တိုင်းရင်းသားအပေါင်းနှင့် စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန်စေကာ တိုင်းရင်းသားအားလုံး၏ ရင်ထဲအသည်းထဲ၌ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ရေးကို ဖြစ်ပေါ်စေကြောင်း။

နေ့ထူးနေ့မြတ်

ထိုအချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားအောင် ဖန်တီးနေသည့် အဖျက်သမားများ၏ အန္တရာယ်ကို စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တွန်းလှန် ဖယ်ရှားရမည်ဖြစ်ကြောင်း၊ ယခုနှစ် ပြည်ထောင်စုနေ့၏ ဦးတည်ချက်များသည် ပြည်ထောင်စုအဓွန့်ရှည်ရေးအတွက် ကာကွယ်ရေးသန္နိဋ္ဌာန်ကို ဖြစ်ပေါ်စေကြောင်း၊ သမိုင်း

နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ကို တန်ဖိုးထားဂုဏ်ပြု

- တိုင်းရင်းသားများရှိရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ပုံအောဆောင်ရွက်ခြင်းကြောင့် တိုင်းရင်းသားအပေါင်းနှင့် စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန်စေကာ တိုင်းရင်းသားအားလုံး၏ ရင်ထဲအသည်းထဲ၌ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးကို ဖြစ်ပေါ်စေ၊
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားအောင် ဖန်တီးနေသည့် အဖျက်သမားများ၏ အန္တရာယ်ကို စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တွန်းလှန်ဖယ်ရှားရမည်၊ သမိုင်းအစဉ်အလာ ကြီးမားလှသည့် နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ကို မိမိတို့ ပြည်သူလူထုအစည်းအဝေးကြီးက အလွန်တန်ဖိုးထား ဂုဏ်ပြု။

ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို မြင်းခြံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးညီညီနိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးအောင်ဝင်းကြည်က ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

မြင်းခြံခရိုင်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြည်ကြည်စိန်က ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

အထူးပင်အရေးကြီး

ပြည်သူလူထုအပေါင်း သိကြသည့်အတိုင်း နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဦးဆုံးလမ်းစဉ်သည် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံတော်အတွက် အထူးပင်အရေးကြီးသည့် လုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့်နှစ် မေလတွင် စတင်ကျင်းပခဲ့ပြီး မိုးရာသီ စိုက်ပျိုးရေးကာလတွင် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခေတ္တရပ်နားခဲ့ကာ ယခုပွင့်လင်းရာသီ ဖြစ်သည့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ကျင်းပရန် သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးဆုံးဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်သစ်

ပထမအဆင့်ဖြစ်သည့်အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြည့်မြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးအပါအဝင် နိုင်ငံသားအားလုံး ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ခိုင်မာသည့် အနာဂတ်နိုင်ငံ

ထိုအကြောင်းကို နိုင်ငံတော်အစိုးရက အထူးကြိုးပမ်း တည်ဆောက်ခဲ့ရသည့် အကြောင်း မိမိရှေ့က ကိုယ်စားလှယ်ကလည်း တင်ပြသွားပြီးဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးကို ထိပ်တန်းဦးစားပေးဆောင်ရွက်ခဲ့ခြင်းကို အားလုံးသိကြကြောင်း။

တစ်ဆက်တည်းမှာပင်အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းအောင် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်နှင့် ဖော်ဆောင်ခဲ့ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်ဖွံ့ဖြိုးရေးတို့ ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

ယင်းစီမံကိန်းများကို တစ်နိုင်ငံလုံးဖြန့်ကြက်ဆောင်ရွက်လျက်ရှိခြင်းကြောင့် စီးပွားရေး၊ လူမှုရေး အခြေခံများ တောင့်တင်းခိုင်မာလာနေပြီ ဖြစ်ကြောင်း၊ မိမိတို့ ဒေသအတွင်း ဖြစ်ပေါ်တိုးတက်မှုများကိုပြန်လည်သုံးသပ်လျှင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိလာပြီး ဒေသများ၏ လုံခြုံရေးသည်လည်း ကောင်းမွန်လာကြောင်း၊ ကဏ္ဍအသီးသီး၊ဒေသအသီးသီးသည်အလျင်အမြန် ဖွံ့ဖြိုးလာနေပြီး နိုင်ငံသား၊ ဒေသနေ တိုင်းရင်းသားအားလုံး တည်ဆောက်ရေးတွင် ပါဝင်နိုင်သည့် အခွင့်အလမ်းများရှိလာကြောင်း၊ ဒေသနေ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးလာပြီး အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ

ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တွန်းလှန်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏ညီညွတ်ရေးစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်ကို ယိုယွင်းပျက်ပြားအောင် ဖန်တီးလုပ်ဆောင်မှုများကို သတိရှိပြီး တွန်းလှန် ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း၊ ၎င်းနှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ၂၀၀၃ခုနှစ်တွင် ပုဂံရှေးဟောင်းနယ်မြေ၌ လူထုအစည်းအဝေးကြီး တစ်ရပ်ကျင်းပပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးပူးပေါင်းဆောင်ရွက်ကြရန် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း။

တန်ဖိုးထားလေးစား

တိုင်းရင်းသားခေါင်းဆောင်များ၏စည်းလုံးညီညွတ်မှုဖြင့်တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီး အဓွန့်ရှည်အောင် ဤပြည်ထောင်စုကြီးကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးအတွက် စတင်ကျင်းပသည့် အမျိုးသား ညီလာခံကြီးကို တန်ဖိုးထားလေးစားပြီး ကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ မြင်းခြံခရိုင်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြည်ကြည်စိန်က တင်ပြရာ၌ မိမိတို့ အသင်းကြီး၏ စည်းရုံးရေး လက်တွေ့ လုပ်ငန်းစဉ်

အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်၍ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ထွန်းလာမည့်ရောင်ခြည်များသန်းနေပြီ ပြည်သူတစ်ရပ်လုံး တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားခြင်းဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်လုံး အောင်မြင်လာမည်

အဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်ကို ကြိုးပမ်း အားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း။

ပြည်နယ်၊ ပြည်မ၊ မြို့ပြ၊ ကျေးလက် တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်၏ အစီအစဉ်နှင့် မိမိတို့ အားလုံး စည်းရုံးရေးအရှိန်အဟုန်မြင့် ဆောင်ရွက်နေကြောင်း၊ မိမိတို့ခရိုင်အတွင်း အကျိုးရလဒ်များအနေဖြင့် ကျေးရွာချင်းဆက်လမ်း ခုနစ်လမ်း ၂၃ မိုင် ၃ ဖာလုံ ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အခြေခံပညာမူလတန်းကျောင်းများ ဥပမိရပ်ကောင်းမွန်ရေးအတွက်၂၇ကျောင်း ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

သောက်သုံးရေ

မြင်းခြံခရိုင်အတွင်း ကျေးလက်နေပြည်သူတို့ သောက်သုံးရေရရှိရေး စက်ရေတွင်းပေါင်း ၁၁၆၉ တွင်း၊ လက်နှိပ်တွင်း ၇၉၄၃တွင်း၊ ရေကန် ၁၀၀၄ကန်တို့ကို ပူးပေါင်းမှု၊ ဦးဆောင်မှုတို့ဖြင့်တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ မိမိတို့အသင်းက ဦးဆောင်ပြီး စက်ရေတွင်းပေါင်း ၄၀ တူးဖော်ပေးခဲ့ကြောင်း။

စီးပွားရေး

ကျေးလက်နေပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မြင်းခြံခရိုင်ဒေသတွင် အဓိကကျသော စိုက်ပျိုးရေရရှိရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်စိုက်ပျိုးရေမရခဲ့သည့် ဒေသများတွင် စပါးစိုက်နိုင်သည့် အခြေအနေများရနေပြီး မြစ်ရေတင် စီမံကိန်းများအနေဖြင့် စီမံကိန်းပေါင်း ကိုးခု ဆောင်ရွက်ပေးခဲ့သည့်အတွက် စပါးစိုက်ဧကပေါင်း ၁၀၆၀၀ရရှိခဲ့ကြောင်း၊ ဆည်ပေါင်း ၁၉ဆည်တည်ဆောက်ပေးခဲ့သည့်အတွက် စပါးစိုက်ဧကပေါင်း ၁၄၇၃၉ဧက ရရှိခဲ့ကြောင်း၊ စုစုပေါင်း စပါးစိုက်နိုင်သည့် ဧက ၂၅၃၃၉ဧက ရရှိလာခဲ့ပြီဖြစ်သည့်အတွက် ဒေသဆန်ဖူလုံရေး မခက်ခဲသည့် အခြေအနေကိုရောက်ရှိတော့မည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း အခြားသီးနှံများ ဖြစ်ထွန်းအောင်စိုက်ပျိုးလာနိုင်ခဲ့သကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း မိရိုးဖလာမွေးမြူရေးမှ စနစ်တကျ တစ်ပိုင်တစ်နိုင် မွေးမြူရေးစနစ်များနှင့် ဆောင်ရွက်လာနိုင်ခဲ့သည့်အတွက် ခရိုင်အတွင်း ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ခိုင်မာသည့်ရပ်တည်နိုင်မှု ရှိနေပြီဖြစ်ကြောင်း။

ကျန်းမာရေး

ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေးသည်လည်း နိုင်ငံတော်၏ စနစ်တကျ စောင့်ရှောက်ပေးမှု၊ မိမိတို့အားလုံး၏ စည်းရုံးမှုများကြောင့် တစ်ဦးချင်း၊ တစ်ရွာချင်း ကျန်းမာရေးအခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ တစ်ခရိုင်လုံးတွင် အထူးကုဆရာဝန် လေးဦးအပါအဝင် ဆရာဝန်ပေါင်း ၄၉ဦး၊ ကျန်းမာရေးမှူး ၂၉ဦး၊ သူနာပြု ၇၄ဦး၊ သားဖွားဆရာမ ၂၁၉ ဦးတို့ ရှိနေပြီဖြစ်ကြောင်း၊ ယနေ့ မန္တလေးနှင့် ရန်ကုန်မြို့ကြီးများကို ကျန်းမာရေးအားထားရသည့်ဘဝမှ ကိုယ်မြို့၊ ကိုယ့်ဒေသမှာပင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရပြီဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်၏ စေတနာပင်ဖြစ်ကြောင်း။

ပြုပြင်မွမ်းမံ

ဆက်လက်တင်ပြလိုသည်မှာ မိမိတို့သည်သောက်သုံးရေရရှိရေးအတွက် ပြီးခဲ့သည့်နှစ်က ဒုတိယအကြိမ် စက်ရေတွင်း၂၀ကို တန်ဖိုးငွေ ၁၀၃ဒသမ ၈သိန်း ကျေးရွာ၂၀၌ တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း စက်ရေတွင်းများတူးဖော်နိုင်ရေး စည်းရုံးဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊အခြေခံပညာမူလတန်းကျောင်းများ ဥပမိရပ်ကောင်းမွန်ရေးကိုလည်း ပြီးခဲ့သည့်နှစ်က ဒုတိယအကြိမ်အဖြစ် ကျောင်း ၁၁ကျောင်း တန်ဖိုးငွေကျပ် ၄၅သိန်း ဖိုးပြုပြင်ပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း ယခုနှစ် တတိယအကြိမ်အဖြစ် တန်ဖိုးငွေကျပ်၁၇သိန်းဖြင့် ကျောင်းလေးကျောင်း ပြုပြင်မွမ်းမံပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဆေးခန်းများ ပြုပြင်ရေး၊ စိုက်ပျိုးဧကတိုးချဲ့ရေး၊ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ရေးတို့ကိုလည်း ကြိုးပမ်းပြီး စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို မိမိတို့အားလုံး ဦးဆောင်ဖြည့်ဆည်း ဆောင်ရွက်ပေးသကဲ့သို့ ကျေးလက်ဒေသ ဓီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းရေးကိုလည်း ခရိုင်အတွင်းရှိ ကျေးရွာ၁၄ရွာ၌ စည်းရုံးဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ နောက်ထပ်လည်း မြင်းခြံမြို့နယ် ဖက်ပင်အိုင်ကျေးရွာ၊ နွားထိုးကြီးမြို့နယ် မြက်ရှူကျေးရွာတို့ကိုလည်း စည်းရုံးဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် အခြေခံပညာ

ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးသန့်ဆွေက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မူလတန်းကျောင်း၁၁ကျောင်း ဥပမိရပ်ကောင်းမွန်ရေးအတွက် ဒုတိယအကြိမ် ပြင်ဆင် မွမ်းမံပေးခဲ့သည့် မှတ်တမ်းကို မန္တလေးတိုင်း မြင်းခြံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က မြင်းခြံခရိုင်ပညာရေးမှူး ဦးကောင်းထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာပေါင်း၂၀၌ ရေကောင်း ရေသန့်ရရှိရေးအတွက် ဆောင်ရွက်ခဲ့သော ငွေကျပ်၁၀၃ဒသမ ၈သိန်းတန်ဖိုးရှိ စက်ရေတွင်း၂၀နှင့် သက်ဆိုင်သည့် မှတ်တမ်းများကို မြင်းခြံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငြိမ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်များရှိ အခြေခံပညာကျောင်း လေးကျောင်းအတွက် တတိယအကြိမ်အဖြစ် လှူဒါန်းသည့် ငွေကျပ် ၁၇ သိန်းကို မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က ပေးအပ်လှူဒါန်းရာ ငါန်းဇွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်သူက လက်ခံသည်။

ဆက်လက်၍ မြင်းခြံမြို့နယ် ဖက်ပင်အိုင်ကျေးရွာနှင့် နွားထိုးကြီးမြို့နယ် မင်းရွာတို့၌ ဓီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားမီးလင်းရေးအတွက် ရန်ပုံငွေကျပ်သိန်း ၂၀ ကို မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က ပေးအပ်ရာ မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်က လက်ခံသည်။

ထို့နောက် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးသန့်ဆွေက ထောက်ခံဆွေးနွေးရာ၌ ပြည်ထောင်စုနေ့ကို ဖော်ဆောင်သည့် သမိုင်းဝင် စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် မိမိတို့လွတ်လပ်ရေးရခဲ့ကြောင်း၊ သူ့ကျွန်ဘဝကလည်း လွတ်မြောက်ခဲ့ကြောင်း၊ အချုပ်အခြာအာဏာလည်း ရခဲ့ကြောင်း၊ လွတ်လပ်သောနိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့်ရလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အလွန်တန်ဖိုးထား

ယခုကဲ့သို့ ဂုဏ်ထူးဝိသေသများနှင့်ပြည့်စုံသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းသည် မိမိတို့လူထုအစည်းအဝေးကြီးအတွက် အလွန် တန်ဖိုးထား ဂုဏ်ပြုထိုက်ပါကြောင်းကို ဦးစွာထောက်ခံတင်ပြအပ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဦးဆုံးလမ်းစဉ်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းနိုင်ရေးအတွက် အသေးစိတ် အခြေခံရမည့်မူများ သတ်မှတ်ဆုံးဖြတ်နိုင်ရေးအတွက် ကျင်းပသည့် အမျိုးသားညီလာခံကြီးဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထိုအမျိုးသားညီလာခံကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးတစ်ရပ်လုံးအပါအဝင် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များလွှမ်းခြုံပြီး ၂၀၀၃ခုနှစ်တွင် ပုဂံယဉ်ကျေးမှု နယ်မြေ၌ လူထုအစည်းအဝေးကြီး ကျင်းပပြီး မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေး ကြေညာချက်ကို တစ်ခဲနက် ထောက်ခံပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဖေဖော်ဝါရီလ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကြိုဆို ထောက်ခံပါကြောင်းကို အလေးအနက် တင်ပြအပ်ပါကြောင်း။

ဝမ်းသာပီတိ

တစ်ဆက်တည်းပင်မိမိတို့နယ်မြေဒေသအတွက် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရွက်ပေးမှုရလဒ်များအဖြစ် ကျောင်းများ၊ ရေတွင်းများ၊ တံတားများ၊လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာဒေသမီးလင်းရေးများပါမကျန် လက်တွေ့၊ မျက်တွေ့ ပေးအပ်ဆောင်ရွက်ခြင်းကို တွေ့ရသည့်အတွက် အလွန်ပင် အားရကျေနပ် ဝမ်းသာပီတိဖြစ်ရကြောင်း၊ ထို့ကြောင့် မြင်းခြံခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းများကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်း။

ပြည်ထောင်စုနေ့ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝါဝါစိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မြင်းခြံမြို့နယ် အမှတ်(၁၆)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအဖွဲ့ဝင် ဒေါ်အေးမြသူတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

နယ်မြေလူထုအကျိုး၊ ရပ်ရွာအကျိုးကို အသင်းအဖွဲ့အစည်းများက ဆက်လက်ပြီး ဆတက်ထမ်းပိုးတိုးပြီး ဝိုင်းဝန်းကြိုးပမ်းပေးကြသကဲ့သို့ ပြည်သူလူထုကြီးနှင့် မိမိတို့အသင်းကြီးကလည်း ကျရာအခန်းကဏ္ဍက ပါဝင်ကူညီဆောင်ရွက်ပေးကြရန် ထောက်ခံအားပေးကြပါစို့ဟု ထောက်ခံဆွေးနွေးသွားသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက သဘောတူကြောင်း၊ တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက အလေးအနက် ဂုဏ်ပြုကြောင်း၊ ဒို့တာဝန် အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုဆို ထောက်ခံကြောင်းတို့ကို ဤပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြု ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက'ပြည်ထောင်စုမပြိုကွဲရေး'(ဒို့အရေး၊ ဒို့အရေး)၊ 'တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး'(ဒို့အရေး၊ ဒို့အရေး)၊ 'အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး'(ဒို့အရေး၊ ဒို့အရေး)ဟု တစ်ခဲနက်ကြွေးကြော်ကြပြီး မြင်းခြံခရိုင်၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံခြင်း အခမ်းအနား နံနက် ၉ နာရီ ၂၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြ ကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ မြင်းခြံမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများချီတက်လာကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံ

- ❒ အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့်နှစ် မေလတွင် စတင်ကျင်းပခဲ့ပြီး မိုးရာသီစိုက်ပျိုးရေးကာလတွင် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ခေတ္တ ရပ်နားခဲ့ကာ ယခုပွင့်လင်းရာသီဖြစ်သည့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ကျင်းပရန် သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့၊
- ❒ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးဆုံးဖြစ်၊
- ❒ တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီး အဓွန့်ရှည်အောင် ဤပြည်ထောင်စုကြီးကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးကို တန်ဖိုးထား လေးစားပြီး ကြိုဆိုထောက်ခံကြပါစို့ ။

စိုက်ပျိုးမြေသယံဇာတ အရည်အသွေးကောင်းအောင် သဘာဝမြေဩဇာကိုဆောင်

ဟိန်းထွန်း

ကမ္ဘာမြေပေါ်ရှိ သတ္တဝါအားလုံးသည် သန့်ရှင်းသောရေကို သောက်သုံး၍ လေကိုရှူရှိုက်ကာ ဘဝရှင်သန်ရေးအတွက် ရပ်တည်နေကြရသည်။ လူသတ္တဝါတို့သည် ကမ္ဘာမြေပေါ်တွင်ရပ်တည်ကာ ရေနှင့်လေကို သောက်သုံးရှူရှိုက် နေရုံသာမက ဘဝရှင်သန်ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းများတွင်ပါ အသုံးချနေထိုင်ကြရသည်။ အလားတူပင် သီးပင်စားပင်နှင့် သဘာဝပေါက်ပင်တို့မှာလည်း သင့်တင့်လျောက်ပတ်သည့် သဘာဝအရင်းအမြစ်များဖြစ်သည့် မြေဆီလွှာတွင် ရေ၊ လေနှင့် အပူအအေးဓာတ် သဘာဝကို မှီ၍ ရှင်သန်နေရသည်။ ကမ္ဘာမြေပြင်ပေါ်တွင် မြေဆီလွှာ၊ လေနှင့် ရေသာမရှိလျှင်သော်လည်းကောင်း၊ အရည်အသွေးနိမ့်ကျ ပျက်စီးလျှင်သော် လည်းကောင်း အသီးအနှံများ ဖြစ်ထွန်းတော့မည် မဟုတ်သကဲ့သို့ အသီးအနှံကို မှီဝဲစားသောက်နေရသော သက်ရှိသတ္တဝါများလည်း အသက်ရှင်ရပ်တည်နိုင်တော့မည် မဟုတ်ပေ။

မြေသယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံတွင် စပါးစိုက် ဧရိယာမှာ အများဆုံးဖြစ်ပြီး ကြံ၊ ဂုန်လျှော်၊ ဆီထွက်သီးနှံ၊ ဝါ၊ ပဲမျိုးစုံနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးထားသည်။ ထို့အပြင် နိုင်ငံတစ်ဝန်းရှိ ကျန်မြေများတွင် ပလပ်မြေ၊ မြေရိုင်း၊ သစ်တောမြေ၊ စားကျက်မြေများနှင့် အခြားမြေများ ပါဝင်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံသည် လူဦးရေတိုးပွားရေး၊ ကုန်ထုတ်လုပ်မှုတိုးပွားရေး လုပ်ဆောင်နိုင်သော်လည်း နိုင်ငံအတွင်းရှိ မြေယာကိုမူ တိုးပွားအောင် မပြုလုပ်နိုင်သည့်အတွက် ကောက်ပဲသီးနှံအထွက်တိုးရန် မျိုးကောင်းမျိုးသန့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ဆေးများ ဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေး နည်းစနစ်များတီထွင်ခြင်းတို့သာမက ဓာတ်မြေဩဇာတွင်ကျယ်စွာ သုံးစွဲစေခြင်းကိုပါ လုပ်ဆောင်လာခဲ့သည်။

လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း စက်မှု၊ စိုက်ပျိုးမှု ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စိုက်ပျိုးရေးအတွေးအခေါ်သစ်များ၊ စက်ပစ္စည်းသစ်များ၊ ဓာတုစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းများနှင့်အတူ မြေနှင့်သဘာဝရေအရင်းအမြစ်တို့အား လိုအပ်သည်ထက်ပိုလွန် အသုံးချမှုများကြောင့် ဖြစ်ပေါ်သော ဘေးထွက်ဆိုးကျိုးများသည် ပြင်းထန်စွာရိုက်ခတ်လာသည်။ သဘာဝပစ္စည်းများနှင့် ရိုးရာနည်းပညာများ ဆုံးရှုံးနစ်နာထိခိုက်ပြီး သဘာဝမဟုတ်သော ဓာတုပစ္စည်းများဖြင့် ပြုပြင်စီမံထားသည့် ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများအပေါ် လွန်ကဲစွာ မှီခိုအားထားမှုများကြောင့် သဘာဝအရင်းအမြစ်အားလုံး၏ အရည်အသွေး နိမ့်ကျပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အခြားဖွံ့ဖြိုးပြီး တိုင်းပြည်များကဲ့သို့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို လွန်ကဲစွာသုံးစွဲမှု မရှိသေးသည့်အတွက် သဘာဝအရင်းအမြစ်အားလုံး၏ အရည်အသွေးနိမ့်ကျ ပျက်စီးမှုမရှိသေးသော်လည်း အရှည်ကို မျှော်တွေးကာ ၂၀၀၂ခုနှစ် အောက်တိုဘာလ၁ရက်က မြေဩဇာဥပဒေကို နိုင်ငံတော်က ထုတ်ပြန်ခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက အားထားသုံးစွဲနေရသည့် (N.P.K) ဖြစ်သည့် နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်နှင့် ပိုတက်စီယမ်ပါဝင်သော ဓာတ်မြေဩဇာသုံးမျိုးတို့တွင် နိုက်ထရိုဂျင်နှင့် ဖော့စ်ဖရပ်ပါဝင်သော ဓာတ်မြေဩဇာကို လွန်ကဲစွာသုံးစွဲခြင်းမှ ရောင်ကြဉ်ရသည့် အကြောင်းရင်းမှာ အပင်များမှ စုပ်ယူနိုင်ခြင်း မရှိတော့သည့် ပိုလျှံသော နိုက်ထရိတ်များသည် မြေအောက်ရေထဲသို့ စီးဆင်းပျော်ဝင်သွားပြီး ရေအောက်လွှာကို ညစ်ညမ်းစေပါသည်။ အလားတူ စုပ်ယူနိုင်ခြင်းမရှိသည့် ပိုလျှံသော ဖော့စ်ဖရပ်ဓာတ်များသည် ရေကန်များ၊မြစ်များ၊ ရေလှောင်ကန်များသို့ ကျရောက်ပြီးရေညှိနှင့်ရေမှော်ပင်များ ပေါက်ပွားစေခြင်းဖြင့် ရေတွင်အောက်စီဂျင်ကုန်ခန်း၍ ငါးသတ္တဝါတို့နှင့် အောက်စီဂျင်လိုအပ်သည့် ရေအောက်အပင်များ သေဆုံးစေသည်။ မြန်မာတောင်သူလယ်သမားများက ဓာတ်ဆား၊ သို့မဟုတ် ပိုတက်ဟုသာ ခေါ်ဝေါ်သုံးစွဲလေ့ရှိသည့် ပိုတက်စီယမ်မှာ နိုက်ထရိုဂျင်၊ဖော့စ်ဖရပ်တို့နှင့်မတူဘဲ ပတ်ဝန်းကျင်အား ဘေးအန္တရာယ်ကင်းစေပြီး စိုက်ပျိုးထုတ်ကုန်ပစ္စည်းများ၏ ထွက်နှုန်းနှင့် အရည်အသွေး တိုးတက်စေသည်။ ပိုတက်စီယမ်သည် သစ်သီးများတွင် ဗိုက်တာမင်စီနှင့် သကြားပါဝင်မှု မြင့်စေခြင်း၊ အစေ့နှင့်သစ်ဥ၊ သစ်ဖုတို့တွင် ပါဝင်သော ကစီဓာတ်တိုးမြှင့်စေခြင်း၊ အစေ့များတွင် ပရိုတင်းနှင့် အဆီဓာတ်တို့ မြင့်မားစွာပါဝင်စေခြင်း စသည်တို့ကြောင့် အစေ့အဆန်များ၊ သစ်ဥ၊ သစ်ဖုများနှင့် သစ်သီးများ၏ အာဟာရဓာတ်အရည်အသွေး တိုးတက်စေသည်။

ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေပျက်စီးခြင်း၊ အန္တရာယ်မကင်းသော အစားအစာများ ထုတ်လုပ်ခြင်း၊ ရေညစ်ညမ်းခြင်း၊ ရေမြေသဘာဝ အရည်အသွေးလျော့ကျခြင်းနှင့် ထိန်းသိမ်းထားနိုင်စွမ်း မရှိတော့သော စိုက်ပျိုးရေးလုပ်ငန်းများကြောင့်ဖြစ်ပေါ်သော ရောဂါများ၊ အမျိုးသားရေးဆိုင်ရာ ပြဿနာများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာမသုံးဘဲ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာတို့ကို စွဲမြဲစွာသုံးစွဲသွားရန် လိုအပ်သည်။ သဘာဝမြေဩဇာမှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကို ဆွေးမြည့်စေပြီး ပြုပြင်စီမံ၍ ရရှိသောပစ္စည်းများပင်ဖြစ်သည်။ အလားတူပင် ပတ်ဝန်းကျင်ကို မထိခိုက်စေသည့် မြေဩဇာတစ်မျိုးမှာ ဇီဝမြေဩဇာဖြစ်ပြီး ယင်းမြေဩဇာကို အပင်များရှင်သန်ကြီးထွားရေးအတွက် အကျိုးပြုသက်ရှိများဖြစ်သည့် ဘက်တီးရီးယား၊ မှိုစသည်တို့ဖြင့် ပွားများထုတ်လုပ်ထားခြင်းပင်ဖြစ်သည်။ သဘာဝ မြေဩဇာများ၊ သစ်ရွက်ဆွေးများ၊Compostနှင့် ဇီဝမြေဩဇာ တို့ကို ပတ်ဝန်းကျင်ပြုပြင်ထိန်းသိမ်းရေးအတွက် စနစ်တကျအသုံးချစိုက်ပျိုးလုပ်ကိုင်သည့် လုပ်ငန်းသည် သဘာဝမြေဩဇာသုံး စိုက်ပျိုးရေး (Organic Farming)ပင်ဖြစ်သည်။ သဘာဝမြေဩဇာ သုံးစွဲခြင်းဖြင့် လူတို့ရိက္ခာဖူလုံစွာဖြင့် ကျန်းမာရွှင်လန်းစွာ နေနိုင်သည့်အပြင် အခြားအကျိုးပြုသည့် သက်ရှိသတ္တဝါ ပိုးမွှားများ၊ သဘာဝပတ်ဝန်းကျင် သစ်ပင်ပန်းမန်တို့ ဖြစ်ထွန်းရှင်သန် ကြီးထွားနိုင်အောင် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပေးနိုင်သည်။

ဂျပန်နည်းပညာဖြင့် ပြုလုပ်ထားသော အီးအမ် (EM) Effective Micro- Organism ဖျော်ရည်များကို ၁၉၉၀ပြည့်နှစ်အတွင်းက မြန်မာနိုင်ငံအတွင်းသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှတစ်ဆင့် တောင်သူလယ်သမား၊ စိုက်ပျိုးရေးသမားများထံ စမ်းသပ်သုံးစွဲရန် အကူအညီအဖြစ် ရောက်ရှိလာခဲ့သည်။ အီးအမ်(EM)မှာ သီးနှံအထွက်တိုးစေသည့် အကျိုးပြု အဏုဇီဝသက်ရှိများဖြစ်သော မှိုမျှင်၊ဘက်တီးရီးယားနှင့် တဆေးတို့ပါဝင်သည့် ဖျော်ရည်ဖြစ်သည်။ ယင်းတို့သည် မြေကြီး၏ ရူပဓာတုနှင့် ဇီဝအခြေအနေ အရည်အသွေးကောင်းမွန်၍ အပင်ကိုဒုက္ခပေးသည့် မှိုနှင့်ဘက်တီးရီးယားတို့အား တိုက်ခိုက်ပေးသည့်အတွက် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။ အကျိုးကျေးဇူးအဖြစ် သီးနှံများ၏ အစာချက်လုပ်စွမ်းအားကို အားဖြည့်ပေးကာ အပင်ကြီးထွားနှုန်း၊ အထွက်နှုန်းနှင့် အရည်အသွေးကို ပိုမိုကောင်းမွန်စေသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ထရိုင်ခိုဒါးမားမှို (Trichoderma Harzianum) သည် ကပ်ပါးမှိုတစ်မျိုးဖြစ်ပြီး သီးနှံမြေအောက်ရောဂါများကို ကာကွယ်နှိမ်နင်းရာတွင်လည်းကောင်း၊ မြေဆွေးပုံများ လျင်မြန်စွာဆွေးမြည့်စေရေးကို အထောက်အကူပြု ပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။ အလားတူပင် ကြံမြှုပ်ချေးအခြေခံသဘာဝမြေဩဇာသည်မြေကို သဘာဝအတိုင်း အာဟာရဓာတ် ကြွယ်ဝစေပြီး မြေတွင်အစိုဓာတ်နှင့် အပူချိန်ကို ထိန်းသိမ်းပေးနိုင်သောကြောင့် သဘာဝမြေဩဇာသုံး စိုက်ပျိုးရေးသမားများအတွက် အထူးအသုံးဝင်သည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ထုတ်လုပ်သည့် သဘာဝအော်ဂဲနစ် ငါးမြေဩဇာအရည်မှာ ငါးနှင့် ငါးစွန့်ပစ်ပစ္စည်းများဖြစ်သော အရိုး၊ ခေါင်း၊ အကြေးခွံ၊ အူ၊ သည်းခြေတို့ကိုအခြေခံ၍ ပြုလုပ်ထားသော မြေဩဇာဖြစ်သည်။ သဘာဝမြေဩဇာအမျိုးမျိုးရှိသည့်အနက် ငါးမြေဩဇာ အရည်တွင်ပါဝင်သည့် အမိုင်နိုအက်ဆစ်(Amino Acids)သည် အပင်များရှင်သန်ကြီးထွားရန် အထူးလိုအပ်သော အော်ဂဲနစ်အက်ဆစ်တစ်မျိုးဖြစ်သည့်အတွက် မြေဆီမြေနှစ်ကို အထူးကောင်းမွန်စေ၍ သီးနှံအထွက်နှုန်း တိုးတက်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသောကြောင့် ရေရှည်တွင် အကျိုးဖြစ်ထွန်းစေသည်။ မြန်မာနိုင်ငံတွင် သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာ အမျိုးမျိုးတို့ကို ထုတ်လုပ်သုံးစွဲနိုင်သည်ဖြစ်ရာ သဘာဝမြေဩဇာ တစ်မျိုးဖြစ်သည့် ငါးမြေဩဇာအရည်ကို မြန်မာနိုင်ငံရှိ လယ်ယာဥယျာဉ်ခြံ စိုက်ပျိုးသူအားလုံး ယုံကြည်စိတ်ချစွာ အသုံးပြုရမည့် မြေဩဇာဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၃ သန်းကျော်ရှိသည့်အနက် ပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းကုန်ထုတ်လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍ၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပဈေးကွက်ကို ဖြည့်တင်းနိုင်ရေးဖြစ်သည်။ **မြန်မာနိုင်ငံသည် မြေသယံဇာတကို အသုံးချ၍ စိုက်ပျိုးရေးကဏ္ဍကို အလေးထား ဆောင်ရွက်သည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ ကြိုးဝိုင်းတောများ တိုးချဲ့ဖွံ့စည်းခြင်းနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းခြင်းလုပ်ငန်းများကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည်။**

နိုင်ငံတော်က တိုင်းနှင့်ပြည်နယ်ရှိ မြေလွတ်မြေရိုင်းများတွင် သီးနှံများကို တိုးချဲ့စိုက်ပျိုးခြင်းနှင့် ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရှေးယခင်ကကဲ့သို့ ဆန်စပါးအစရှိသည့် သီးနှံတစ်မယ်၊ နှစ်မယ်သာ နိုင်ငံခြားသို့ တင်ပို့ခြင်းမဟုတ်တော့ဘဲ မြန်မာနိုင်ငံမှစိုက်ပျိုးထွက်ရှိသည့် ကြက်ဆူစေ့၊ တမာ၊ လက်ဖက်ခြောက်၊ ရဲယိုသီး၊ ထောပတ်သီး၊ ပီလောပီနံ၊ သရက်သီး၊ သံပရာသီးတို့ကိုပါ တင်ပို့ရောင်းချလျက်ရှိသည်။ အထူးသဖြင့် သဘာဝမြေဩဇာသုံးပြီး ပိုးသတ်ဆေးမသုံးသည့် စိုက်ပျိုးရေးခြံများမှ ထွက်ရှိသော ကောက်ပဲသီးနှံများမှာ အရည်အသွေးကောင်းမွန်ပြီး ပိုးသတ်ဆေး အကြွင်းအကျန်မရှိသည့် ကောက်ပဲသီးနှံတို့အပေါ် ပြည်ပမှ ယုံကြည်မှုအပြည့်အဝရှိသဖြင့် အခြားဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးသည့် ကောက်ပဲသီးနှံတို့ထက် လိုလိုလားလားဈေးပိုပေးကာ ဝယ်ယူသုံးစွဲလိုကြသည်။ **မြန်မာနိုင်ငံအနေဖြင့် စက်မှုထွန်းကားပြီး နိုင်ငံများကဲ့သို့ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲမှု မရှိသေးသောကြောင့် သဘာဝအရင်းအမြစ်များ၏ အရည်အသွေးသည် နိမ့်ကျမှုမရှိသေးသည့်အတွက် သဘာဝမြေဩဇာသုံး စိုက်ပျိုးရေး(Organic Farming) စနစ်သို့ လွယ်ကူစွာ ကူးပြောင်း ပေးနိုင်ပြီး ပို့ကုန်တန်ဖိုး တိုးမြှင့်လာနိုင်သည်။**

နိုင်ငံတော်က သဘာဝရေရရှိရေး၊ မြေသယံဇာတများကို အစွမ်းကုန်ဖော်ထုတ်ရေး၊ မျိုးကောင်းမျိုးသန့်များ ဖော်ထုတ်သုံးစွဲရေးတို့ ဖော်ဆောင်ပေးလျက်ရှိရာ လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်း ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်ဒေသနေ တောင်သူလယ်သမား၊ ပျိုးဥယျာဉ်သမားတို့သည် စိုက်ပျိုးမြေ၊ ရေစသည့် သဘာဝအရင်းအမြစ်အားလုံး၏ အရည်အသွေး နိမ့်ကျပျက်စီးမှု မဖြစ်ပေါ်စေရန် သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာတို့ကို အကျိုးရှိရှိအသုံးပြုပြီး သီးနှံအထွက်တိုးရေး ပြည်တွင်းစားသုံးမှု ဖူလုံရေးသာမက ပြည်ပပို့ကုန်တိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> မြန်မာနိုင်ငံအနေဖြင့် စက်မှုထွန်းကားပြီး နိုင်ငံများကဲ့သို့ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲမှု မရှိသေးသောကြောင့် သဘာဝအရင်းအမြစ်များ၏ အရည်အသွေးသည် နိမ့်ကျမှုမရှိသေးသည့်အတွက် သဘာဝမြေဩဇာသုံး စိုက်ပျိုးရေး (Organic Farming) စနစ်သို့ လွယ်ကူစွာ ကူးပြောင်းပေးနိုင်ပြီး ပို့ကုန်တန်ဖိုး တိုးမြှင့်လာနိုင်။

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅။ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ဖြူးချောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
၁၇:၄၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀ ၉။ Discovery
၁၈:၁၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ မြန်မာစာ မြန်မာစကား
၁၉:၂၀ ၁၄။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၅။ **"ချစ်လွန်းလို့"** (ဖိုးဖြူ၊ခင်စိုးပိုင်၊ မိုးမိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)
၁၉:၄၀ ၁၆။ ထူးကဲမြင့်မြတ် ပူဇော်အပ်သည့် သာသနာ့အာဇာနည် (အပိုင်း-၂)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မမှောင်သောအလင်း (အပိုင်း-၇)
"ကံကောင်းလေးတစ်ချက်" (ဖိုးသောကြာ၊ ဗျိုက်၊ ဇော်ဦး၊ ရတနာခင်၊ စမ်းစမ်းအေး၊ ခင်မို့မို့အေး၊ အဂ္ဂချို၊ နှင်းဝတ်ရည်သောင်း၊ အရှည်ကြီး၊ ဇော်ဝမ်း) (ဒါရိုက်တာ-သက်တင်)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မွန်ပြည်နယ် ပေါင် မြို့နယ် အတွင်းကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ဇန်နဝါရီ ၂၂ ရက်က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပေါင်မြို့နယ် သဲကုန်းကျေးရွာတွင် စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၂၆၀)

ဆည်တမံစီမံကိန်းများ ပစ္စုပ္ပန်နှင့်အနာဂတ်ကာလအတွက် တည်ဆောက်ပေးထား ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ရင်း အကျိုးရှိစွာအသုံးချ

အောင်လံမြို့နယ် နတ်မောက်ကျေးရွာအနီး၌ ၁၇၀ ခုမြောက် ပဒဲရေလှောင်တမံဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၅

မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် နတ်မောက်ကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်ခဲ့သည့် ပဒဲရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါတမံအနီးရှိ မင်္ဂလာ မဏ္ဍပ်၌ကျင်းပသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ပဒဲရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ပဒဲရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ သရက်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စန်း၊ မကွေးတိုင်းစိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်ကိုချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံ၏စိုက်ပျိုးရေးစွမ်းအား မြင့်မားလာသည်နှင့်အညီ တိုင်းပြည်၏ စီးပွားရေး တိုးတက်ထွန်းကားလာမှာဖြစ်၍ လက်ရှိစိုက်ဧကကို အပြည့်အဝ စိုက်ပျိုးရန်၊ စိုက်ဧကတိုးချဲ့စိုက်ပျိုးရန်၊ တစ်ဧကအထွက်နှုန်းတိုးရန်၊ တစ်သီးမှ နှစ်သီး၊ သုံးသီးစသည်ဖြင့် သီးထပ်စွမ်းအားတိုးမြှင့်ရန်လိုအပ်ကြောင်း။

လမ်းညွှန်မှုများပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လမ်းညွှန်မှုများပြုထားပြီးဖြစ်ကြောင်း။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် ပဒဲရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယခုဖွင့်လှစ်သည့် ပဒဲရေလှောင်တမံကြောင့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းဒေသတွင် ပါဝင်သည့် သရက်ခရိုင်အတွင်း စိုက်ပျိုးရေးအတွက် ရေရရှိရေးကို အကျိုးပြုစေမည့် လုပ်ငန်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ငွေကြေးအမြောက်အမြားအကုန်အကျခံပြီး ဆည်မြောင်းစီမံကိန်းလုပ်ငန်းများကို ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလအတွက် အမြော်အမြင်ကြီးမားစွာနှင့် တည်ဆောက်ပေးထားခြင်းဖြစ်၍ ဆည်မြောင်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်ခံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရင်း အကျိုးရှိစွာ အသုံးချသွားကြပါဟု တိုက်တွန်းလိုကြောင်း။

ထို့အတူ လယ်ယာသုံးစက်ကိရိယာများကိုလည်း ပိုမိုအသုံးပြု ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပဒဲရေလှောင်တမံဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဝန်ထမ်းများ၊ ကူညီဆောင်ရွက်ခဲ့သော မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံ၏ စီးပွားရေး၌ ပင်မမဏ္ဍိုင်ကြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းကြီး ခိုင်မာသေချာသော ဖွံ့ဖြိုးတိုးတက်မှုများ ဆင့်ကဲဆင့်ကဲ ဖြစ်ထွန်းလာရအောင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းထားပြီး ပုံဖော်တည်ဆောက်ပေးခဲ့သည့်အတွက် ပဒဲရေလှောင်တမံ တာတမံရေတင်စီမံကိန်းများ၏ စွမ်းအားဖြင့် အားထုတ် ဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများရှိနေသော ဒေသကြီးလည်းဖြစ်ကြောင်း။

မကွေးတိုင်းအနေဖြင့် လယ်ယာကုန်ထုတ်မှု တိုးတက်အောင်ဆောင်ရွက်သွားနိုင်မည့် ရေခံမြေခံစွမ်းအားစုများရှိနေသည့် မိမိတို့တိုင်း၏ အခြေခံကောင်းများအပေါ်၌နိုင်ငံတော်က ငွေကြေးအမြောက်အမြား ရင်းနှီးလုပ်ကိုင်ပေးထားသည့် ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ၏အားတို့ကို ပေါင်းစပ်ပြီး သီးနှံစိုက်ပျိုးမှုလျာထားချက်များပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုကြောင်း။

ဤဒေသ၌ မူလက မိုးစပါး၊ မိုးနှမ်း၊ မြေပဲနှင့် ပဲတီစိမ်းကို ဧက ၆၂၅၀ ခန့် မူရင်းသီးနှံအနေဖြင့် စိုက်ပျိုးကြကြောင်း၊ သီးထပ်အဖြစ် မြေပဲ၊ ကုလားပဲ၊ မတ်ပဲနှင့် ပဲတီစိမ်းကို ဧက၃၆၀၀ကျော် စိုက်ပျိုးကြသည့်အတွက် စုစုပေါင်းသီးနှံစိုက်ဧရိယာသည် ဧက၉၈၅၀ကျော်ရှိပြီး သီးနှံစိုက်စွမ်းအားသည် ၁၅၈ ရာခိုင်နှုန်းရှိကြောင်း၊ ယခု ပဒဲရေလှောင်တမံ တည်ဆောက်ပြီးစီးသွားခြင်းကြောင့် မူရင်းသီးနှံ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်းဧက၆၄၀၀အပြင် သီးထပ်အဖြစ် နွေစပါး၊ ကုလားပဲတို့ကို ဧက ၆၄၀၀ထပ်မံတိုးတက်စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ စုစုပေါင်း သီးနှံစိုက်ဧက ၁၂၈၀၀ အထိရှိလာမှာဖြစ်ပြီး ဒေသရှိကျေးရွာအုပ်စု ၉ရွာက ဒေသခံတောင်သူများအနေဖြင့် တစ်နှစ်နှစ်သီးနှင့် သီးနှံစိုက်စွမ်းအားကို ၂၀၀ ရာခိုင်နှုန်းအထိ အကျိုးခံစားရတော့မှာဖြစ်ကြောင်း၊ နယ်မြေလူထု၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာတော့မှာဖြစ်ကြောင်း။

ထို့ကြောင့် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုစေသည့် ရေလှောင်တမံကြီး ရေရှည်တည်တံ့စေရန်၊ သားစဉ်မြေးဆက်အကျိုးခံစား နိုင်စေရန် ဒေသနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

၁၇၀ ခုမြောက်ရေလှောင်တမံ

ယခု ပဒဲရေလှောင်တမံသည် မိမိတို့အစိုးရလက်ထက် ၁၇၀ ခုမြောက် ရေလှောင်တမံအဖြစ် သမိုင်းမှတ်တိုင်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျပ်သန်းပေါင်း ၁၈၂၂ သန်း ရင်းနှီးသုံးစွဲ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် ပဒဲရေလှောင်တမံသည် မကွေးတိုင်းအတွင်း စိုက်ပျိုးရေရရှိရေးအတွက် ၃၄ ခုမြောက် တည်ဆောက်ပြီးစီးသည့် ရေလှောင်တမံဖြစ်ကြောင်း၊ ပဒဲရေလှောင်တမံ အောင်မြင်စွာ တည်ဆောက်ပြီးစီးခြင်းကြောင့် မကွေးတိုင်းအတွင်း စပါးသီးနှံ ပိုမိုတိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ဒေသဆန်ဖူလုံသည့် တိုင်းတစ်ခုဖြစ်လာတော့မှာဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁

မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ပဒဲချောင်းပေါ်တွင် တည်ဆောက်ထားသော ပဒဲရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဩစတြေးလျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၆ရက်နေ့တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာအလက်ဇန္ဒားဒေါင်နာထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံနှစ်ပတ်လည်နေ့ ဝန်ကြီး ဦးဉာဏ်ဝင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၆ရက်နေ့တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာကေ၊ နတ်ဝါဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပင်စင်ဦးစီးဌာန ညွှန်ချုပ် ပင်စင်ကိစ္စဟောပြောဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဗိုလ်သန်းသည် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီခွဲတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပင်စင်ကိစ္စ လက်တွေ့တာဝန်ယူသော ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းပင်စင်ကိစ္စများ အမြန်ရရှိရေးအတွက် ဆောင်ရွက်ရန်များကို ပင်စင်ဥပဒေများ၊ နည်းပညာများ၊ အမိန့်ညွှန်ကြားချက်များ၊ ဝန်ထမ်းပင်စင်ကိစ္စများ အမြန်ပြီးစီးအောင် နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဗိုလ်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးတို့က ရှင်းလင်းဟောပြောဆွေးနွေးကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၏ မေးမြန်းချက်များအပေါ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးက ပြန်လည်ရှင်းလင်းဖြေကြားပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (အခြေခံပညာအဆင့်)ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (အခြေခံပညာအဆင့်) ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို(အေ)ခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေ၊ အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ရုပ်မြင်သံကြားဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခဒေါက်တာကျော်ဝင်းခေါင်းဆောင်သော အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပါမောက္ခများ၊ ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်နှင့် လေ့လာသူ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာကျောင်းသား ကျောင်းသူ ၁၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဖြိုးတင့်လွင်၊ ဒုတိယဆုကို ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မနန်းပွင့်ရွှေရည်ဖူးနှင့် တတိယဆုကို ပဲခူးတိုင်း (အနောက်) ပေါင်းတည်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်သီဟချစ်ဝင်းတို့က ရရှိကြသည်။

ယနေ့ပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၀၅ခုနှစ် မတ်၂၇ရက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ဆုများကိုပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MMG Technologies Co., Ltd. ပြခန်းတွင် ကြည့်ရှုလေ့လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

TCL ပြခန်းမှ TCL ကုမ္ပဏီထုတ် နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံး အီလက်ထရွန်းနစ်ပစ္စည်းအသစ်များ ခင်းကျင်းပြသထားရာ လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (က–ပ)

Parami Group Co., Ltd. ပြခန်းတွင် ကွန်ပျူတာကျောက်သင်ပုန်း (Tablet-PC)များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။ (က–ပ)

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ်–၂၀၀၅ ပြပွဲ ဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၂၅

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ ပြပွဲ အစီအစဉ်များကို ယနေ့နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံဝင်းအတွင်း၌ ဆက်လက်ပြသလျက်ရှိရာ အိုင်စီတီ ပညာရပ်ကို စိတ်ဝင်စားသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။ အဆိုပါ ပြပွဲတွင် ဝန်ကြီးဌာနများမှ ပြခန်းပေါင်း၁၄ ခန်း၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီပြခန်း ၁၉၆ခန်းတို့မှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို ခင်းကျင်းပြသထားသည်။

အဆိုပါပြပွဲကို ဇန်နဝါရီ၂၇ရက်အထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံဝင်းအတွင်းဆက်လက်ခင်းကျင်းပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အိုင်စီတီရက်သတ္တပတ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ်–၂၀၀၅ အထိမ်းအမှတ် အဖြစ် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းကကြီးမှူး၍ ဟောပြောပွဲများပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် လှိုင်မြို့နယ် MICT Park အခန်းအမှတ် ၂၀၅ တွင် Parami Group Co.,Ltd. ဥက္ကဋ္ဌ ဦးတင်လှိုင်က အဆောက်အအုံလုံခြုံမှုစနစ်နှင့် ခေတ်မီနည်းပညာများ အသုံးပြုမှု(Smart Home System) အကြောင်းကိုလည်းကောင်း၊ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဝထွန်းက ကွန်ပျူတာကျောက်သင်ပုန်း(Tablet-PC) အကြောင်းကိုလည်းကောင်း သရုပ်ပြ ရှင်းလင်းဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက် လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Youth Computer Co.,Ltd. ပြခန်းတွင် ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။ (က–ပ)

မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး မြန်မာ့အလင်းသတင်းစာတိုက်၌ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၂၅

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၏ ဦးဆောင်မှုဖြင့် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်းကို ယနေ့နံနက် ၁၁နာရီက အမှတ် ၅၃ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ကျင်းပရာ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်သိန်းမြင့်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့အလင်း၊ ကြေးမုံ၊ နယူးလိုက်အော့ဖ်မြန်မာနှင့် ရုံးချုပ်မှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးဌာနမှူးက မီးဘေးအန္တရာယ် တားဆီး ကာကွယ်ရေး ဟောပြောပြီး **(အောက်ပုံ)** ဝန်ထမ်းများအား မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြရှင်းလင်းပြသခဲ့သည်။ **(မြန်မာ့အလင်း)**

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၂း၀၀	–	ICT Product Presentation
၀၉း၀၀–၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀–၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀–၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀–၁၇း၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀–၁၆း၀၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

စာမျက်နှာ ၁၁ မှ

မကွေးတိုင်းအတွင်း ရေလှောင်တမံများတစ်ခုပြီးတစ်ခု တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်သဖြင့် ယခင်ကကဲ့သို့ မိုးရွာမည့်အခြေအနေကို စောင့်မျှော်နေစရာမလိုတော့ဘဲ သိုလှောင်ထားသည့် တမံများမှ တစ်ဆင့် စိုက်ဧကပေါင်း နှစ်သိန်းခြောက်သောင်းကျော်ကို ရာသီမရွေး အသုံးပြုစိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများအပေါ် စေတနာထားပြီး ငွေကြေးအကုန်အကျခံကာ ဆည်/ကန်များကို တည်ဆောက်ပေးခဲ့ကြောင်း၊ တစ်တိုင်းလုံးရှိ လူဦးရေ ၄ ဒသမ ၉ သန်းအတွက် ဒေသဆန်ဖူလုံစေရန် မိုးစပါးဧက ခြောက်သိန်းနှင့်နွေစပါးဧက တစ်သိန်းခုနစ်သောင်း စိုက်ပျိုးရန်လျာထားခဲ့ရာ မိုးစပါးဧက ခြောက်သိန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါနွေစပါးစတင် စိုက်ပျိုးနေပြီဖြစ်ကြောင်း။

နိုင်ငံတော်ရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ တစ်ဦးချင်းဝင်ငွေတိုးပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရေး၊ ဒေသဆန်ဖူလုံရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် အစဉ်အမြဲ လမ်းညွှန်မှုပြုလုပ်ခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့ကို မကွေးတိုင်းအတွင်းရှိ ဒေသခံပြည်သူများ၏ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သရက်ခရိုင် အောင်လံမြို့နယ် ရွှေပန်းတောကျေးရွာမှ တောင်သူလယ်သမားကြီး တစ်ဦးက စိုက်ပျိုးရေး၊ သောက်သုံးရေ ရှားပါးခက်ခဲသည့် အောင်လံမြို့နယ်၌ ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်က လျှပ်စစ်မြစ်ရေတင်လုပ်ငန်း လေးခု တည်ဆောက်ပေးခဲ့သဖြင့် လယ်ယာမြေဧက ၇၈၁၃ ဧက အကျိုးပြုခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဘွက်ကြီးရေလှောင်တမံတည်ဆောက်ဖွင့်လှစ်ခဲ့သဖြင့် စိုက်ပျိုးမြေဧက ၁၀၀၀၀ တစ်နှစ်ပတ်လုံး သုံးသီးစိုက်နိုင်ခဲ့ကြောင်း။

ယခုထပ်မံ၍ ပဒဲရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ခဲ့သဖြင့် ဧက ၆၄၀၀ ထပ်မံသီးထပ်စိုက်နိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ယခုကဲ့သို့ နိုင်ငံတစ်ဝန်းတွင် ဆည်၊ ရေလှောင်တမံများ အစုအဖွဲ့ဖြင့် တည်ဆောက်ပေးခဲ့မှုများသည် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုပြီး တည်ဆောက်ပေးနေမှုကို တွေ့ရှိနားလည်ရသည့်အတွက် ပြည်သူများအားလုံးကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် အခမ်းအနားသို့တက်ရောက်လာကြသောတောင်သူလယ်သမားများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ပဒဲရေလှောင်တမံကမွည်းကျောက်စာတိုင်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမွည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က ပဒဲရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရေလှောင်တမံထိပ်ရှိ မှတ်ဦးရေ့၌ တိုင်းမှူး၊ ဝန်ကြီးနှင့်တိုင်းဥက္ကဋ္ဌတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော တောင်သူလယ်သမားများ၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် ဒေသခံများနှင့် အတူပင်မတမံ၊ ရေပိုလွှဲ၊ ရေဝပ်ဧရိယာ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အောင်လံမြို့နယ် ပဒဲရေလှောင်တမံဆည်ရေသောက်ဧရိယာရှိ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး ထပ်မံတွေ့ဆုံနှုတ်ဆက်ကြသည်။

ပဒဲရေလှောင်တမံကို ပဒဲချောင်းပေါ်၌ တည်ဆောက်ထားပြီး ရေဧက ၃၂၈၀၀ သိုလှောင်နိုင်သည့် မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျားပေ ၂၄၀၀၊ တမံအမြင့် ၁၁၈ ပေရှိသည်။

(သတင်းစဉ်)

စည်ပင်သာယာရေးလုပ်ငန်းများအဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်း ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ်ရှိ စည်ပင်သာယာရေးဦးစီး ဌာနအစည်းအဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရေရှည်ထိန်းသိမ်း

ရှေးဦးစွာ ဝန်ကြီးက မူလစည်ပင်သာယာရေးလုပ်ငန်းတာဝန်များအပြင် အထူးတာဝန်ပေးထားသော စီမံကိန်းများဖြစ်သည့်ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ရေး၊ အပူပိုင်းဒေသကျေးလက်ရေရရှိရေး၊ ကျေးလက် စံပြအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးကို အဓိကထားဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင်ပြုပြင် ထိန်းသိမ်းရန်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း(အနောက်)၊မကွေးတိုင်းနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ခရိုင်ချင်းဆက်လမ်းလုပ်ငန်းဆောင်ရွက်ရန် လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြကြသည်။

ထို့နောက် စစ်ကိုင်းတိုင်း ၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက အပူပိုင်းဒေသ တိုင်း(၃)တိုင်းကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ဆက်လက်၍ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း ညွှန်ကြားရေးမှူးများက ကျေးလက်အိမ်ရာစီမံကိန်း လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြကြပြီး အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေတို့က စီမံကိန်းများ ဆောင်ရွက်မှုအခြေအနေအပေါ် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အပူပိုင်းဒေသ တိုင်းသုံးတိုင်း ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး (၁၀)နှစ်စီမံကိန်းတွင် ကျေးရွာပေါင်း ၈၀၄၂၌ ဆောင်ရွက် ပေးရန်လျာထားခဲ့ရာ စစ်ကိုင်းတိုင်း၌ ကျေးရွာ ၁၈၈၂ ရွာ၌ လုပ်ငန်းပေါင်း ၂၅၃၃ ခု၊ မကွေးတိုင်း၌ ကျေးရွာ ၁၁၆၆ ရွာ၌ လုပ်ငန်းပေါင်း ၁၅၉၅ ခု၊ မန္တလေးတိုင်း၌ ကျေးရွာ ၃၅၂၈ ရွာ၌ လုပ်ငန်းပေါင်း ၅၁၂၄ ခု၊ စုစုပေါင်းကျေးရွာ ၆၅၇၆ရွာ၌ လုပ်ငန်း ပေါင်း ၉၂၅၂ ခု ဆောင်ရွက်နိုင်ခဲ့သဖြင့် စီမံကိန်း၏ ၈၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးတွင် ကျေးရွာ ၁၃၁၂၃ ရွာ၌ ရေရရှိရေး လုပ်ငန်းပေါင်း ၁၈၉၅၀ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက္ကလော့စေတီပုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ်ကြီး၏ အကြိမ်(၃၀)မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို စေတီတော်မြတ်ကြီး၏ အာရုံခံတန်ဆောင်း၌ ဇန်နဝါရီ၂၀ရက်(ကြာသပတေးနေ့)နံနက်၉နာရီတွင် ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီနှင့်ဂေါပကအဖွဲ့ နာယကများ ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သော ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ စေတီတော်ဝတ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ပဋ္ဌာန်းပူဇော်ပွဲကို ဇန်နဝါရီ ၂၄ ရက်အထိ နာရီပေါင်း ၁၀၀ ရွတ်ဖတ်ပူဇော်ခဲ့သည်။

စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ၂၇ရက်မှ ဖေဖော်ဝါရီ၅ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာလူငယ်စင်ကာပူကိုသုံးပွဲပြတ်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၅

မလေးရှားနိုင်ငံတွင်ကျင်းပသည့် အသက်၂၀နှစ်အောက် အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၄ရက်က ကျင်းပရာ မြန်မာ့လက်ရွေးစင်လူငယ်ဘော်လီဘောအသင်းက စင်ကာပူလက်ရွေးစင်လူငယ်ဘော်လီဘော အသင်းကို ၂၅–၂၀၊ ၂၅–၂၂၊ ၂၅–၁၁ မှတ်ဖြင့် သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကြောင်းသိရသည်။ **(က–ပ)**

ဇန်နဝါရီ ၂၅ ရက်က ၂၀၀၅ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲတွင် MMM ဆောက်လုပ်ရေးမှ ဦးကျော်မင်းက ဒိုင်လူကြီးဝတ်စုံ၂၀၊ ဟော်ကီအားကစားတုတ်၁၂ချောင်းကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

အသိပညာပေးဟောပြောပွဲနှင့် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ အသိပညာပေးဟောပြောပွဲ အခမ်းအနားနှင့် မြန်မာ့ရိုးရာ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ အသိပညာပေး ဟောပြောပွဲကိုကျင်းပရာ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲကိုယ်စား လုပ်ငန်းအဖွဲ့ဝင် ဒေါ်ယုဇနကျင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးအကြောင်းသိကောင်းစရာကိုလည်းကောင်း၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲကိုယ်စား ရဲမှူးအောင်သန်းက လူကုန်ကူးမှုအကြောင်းသိကောင်းစရာကိုလည်းကောင်း၊ အမျိုးသမီးငယ်/ရွယ်လုပ်ငန်းအဖွဲ့ခွဲကိုယ်စား လုပ်ငန်းအဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော်က ကလေးသူငယ်များ၏ အခွင့်အရေးများနှင့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းအကြောင်း သိကောင်းစရာကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

တက်ရောက်

ဟောပြောပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ပါမောက္ခ ဒေါ်ငွေငွေ၊ ဒေါ်ခင်မေစိုး၊ ဒေါ်ကြည်ကြည်မြ၊ ဒေါ်ပိုပိုကြည်နှင့်လုပ်ငန်းအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းတို့မှ သင်တန်းသူများ စုစုပေါင်း၁၅၀ကျော် တက်ရောက်ကြသည်။

ထို့နောက် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ဘာ)တို့မှ သင်တန်းသူလေးများ၏ မြန်မာ့ရိုးရာ ထုပ်ဆီးတိုး အားကစားပြိုင်ပွဲကိုကျင်းပသည်။ပြိုင်ပွဲအပြီး ဆုရရှိသည့်အသင်းများအား လုပ်ငန်းအဖွဲ့ခေါင်းဆောင်က ဆုများ ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေးပညာပေး မီးငြိမ်းသတ်မှုလက်တွေ့လေ့ကျင့်သရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲနှင့် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခြင်းတို့ကို ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါရုံးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးဌေးလွင်ကနိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့် ဝန်ကြီးဌာနရုံးချုပ်တို့၏ ညွှန်ကြားချက်နှင့် စီမံချက်များကို ရှင်းလင်းမှာကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက မြို့နယ်အတွင်း နှစ်စဉ်မီးလောင်ဆုံးရှုံးမှု အခြေအနေများနှင့် မီးလောင်မှု အများဆုံးဖြစ်ပွားစေသည့် ပေါ့ဆမီး၊မီးဖိုမီး၊ လျှပ်စစ်မီး၊ ရှို့မီးစသည်တို့ကို အလေးထားလိုက်နာကြရန်နှင့် အရေးပေါ် ငြိမ်းသတ်နိုင်မှု နည်းလမ်းများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ထမ်းတစ်ဦးချင်း ပက်ဖျန်းငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်အပေါ့စား ရေစုပ်စက်များအသုံးပြု၍ စုပေါင်းငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ကြကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ၂၂ရက်က တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ ကန်တော့ခံဆရာ ဆရာမများအား ကျောင်းသူကျောင်းသား ဟောင်းများက ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(က-ပ)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသားဟောင်းများတွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်၊ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မကြာမီ ကျင်းပရန်စီစဉ်လျက်ရှိသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲကို ဇန်နဝါရီ ၃၀ရက်(တနင်္ဂနွေနေ့) ညနေ၅နာရီခွဲတွင် ရွှေအင်းယားစားသောက်ဆိုင်၌ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ၊ လက်ရှိပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဖိတ်စာ၊လက်မှတ်များကို ကိုဇော်မင်းဦး ဖုန်း-၀၉-၅၀၀-၀၂၆၃၊ ကိုမင်းဦး ဖုန်း-၀၉-၅၀၀-၇၁၆၆၊ ကိုဖြိုးဝေစိုး ဖုန်း-၆၅၂၂၃၃၊ ကိုထက်ကျော်သိန်း ဖုန်း-၂၅၃၃၅၀နှင့် ကိုမျိုးမင်းအောင်ကျော် ဖုန်း-၀၉-၅၀၀-၉၅၅၂ တို့သို့ ဆက်သွယ်ရယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရွှေပြည်ဟိန်း ဇီဝိတဒါနအလှူ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်သော ကုသိုလ်ဖြစ် ဆေးခန်း၌ လူမျိုးဘာသာမရွေး ဝေဒနာရှင်များ၏ လိုအပ်သော ဆေးပစ္စည်းများအတွက် အလှူတော်ငွေများ လှူဒါန်းလျက်ရှိကြရာ ဗိုလ်ချုပ်ဈေးသစ်မှ ပိုင်အထည်ချုပ် ဦးသန်းဝေ အကျိုးဆောင်၍ အာချွန် ရတနာရွှေဆိုင်၊ ရာသက်ပန်စတိုး၊ ဆယ်ပွင့်ပန်းရတနာ၊ ယဉ်မွန်ရတနာ၊ပတ္တမြားရတနာ၊ ခေတ်ဆန်းရတနာ၊ မွန်ရတနာ၊ ဂျင်းဖောမယ်လေးစတိုး၊ လစ်ဘရယ်အပ်ချုပ်ဆိုင်၊ မဥ္စူအောင် အပ်ချုပ်ဆိုင်၊ အန်ကယ်ကျော်စတိုး၊ ရွှေပန်းချီဝင်း၊ မခိုင်နှင့်ညီအစ်မများ အလှူရှင်များ စုပေါင်းကာ အလှူတော်ငွေကျပ်နှစ်သိန်းကို ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရထံလှူဒါန်းကြသည်။

အလှူရှင်များသည် ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြို့မဟောင်းထမနဲပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းက ကြီးမှူး၍ (၉)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲကို အသင်းတိုက်တည်ရှိရာ အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြို့မဟောင်း မြက်ခင်းပြင်တွင် ဖေဖော်ဝါရီ ၂၂ရက် (အင်္ဂါနေ့)ညနေ၄နာရီတွင်ကျင်းပမည်ဖြစ်ကြောင်းနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။

(က-ပ)

တိမ်ထူမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် အသုံးပြုရန်လိုအပ်သော ရုပ်မြင်သံကြားလွှင့်စက်များဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုပ်မြင်သံကြားလွှင့်စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

(က) 100 W TV TX Equipment (2) Sets
(ခ) 50 W TV TX Equipment (1) Sets

၂။ တင်ဒါပေးသွင်းမှုကို ၄-၂-၂၀၀၅ရက် (၁၆:၃၀)နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။



ပြည်နယ်နှင့်တိုင်းအလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ရွှေရတု နှစ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ခ) အုပ်စုမှ ရန်ကုန်တိုင်းနှင့် ချင်းပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ချင်းပြည်နယ်မှ ကျိန်ခန့်ကိမ့်က ရရှိသွားသည်။

ပဲခူးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင် (ဃ)အုပ်စုမှ မကွေးတိုင်းနှင့် ကရင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၉၈၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၃၀ ရက်၊ ၃၁ရက်၊ ဖေဖော်ဝါရီ၁ရက် ညများတွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ၅လမ်း၊ ဖေဖော်ဝါရီ ၂၊၃၊၄ရက် ညများတွင် လက်ပံတန်းမြို့နယ် အရှေ့မော်ကင်းကျေးရွာ၊ ၉ရက်ညတွင် လှိုင်သာယာမြို့ ရပ်ကွက်ကြီး(၂) မြေတိုင်း(၆/၇)၊ ၁၀၊၁၁ရက် ညများတွင် ထန်းတပင်မြို့နယ် ကုန်းတနဲရှိကျေးရွာ၊ ၁၂၊၁၃၊၁၄ ရက်ညများတွင် ပဲခူးမြို့ ဥသာမြို့သစ် ဓမ္မစေတီ နန်းဦးကျောင်းလမ်း၊ ၁၅ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မလွကုန်း မီးရထားရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဒီပလိုမာအပ်နှင်းချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၅

Wigan & Leigh College နှင့် မြန်မာနိုင်ငံ နဝရတ်မိသားစု၏ အဆင့်မြင့်ပညာရေး ပူးတွဲဆောင်ရွက်မှု သဘောတူညီချက်အရ အင်္ဂလိပ်ဘာသာရပ် အဆင့်မြင့် ဒီပလိုမာသင်ယူ အောင်မြင်သူများအား အောင်လက်မှတ်ပေးအပ်ပွဲကို ရန်ကုန်မြို့ Grand Plaza Park-royal Hotel ၌ ဇန်နဝါရီ ၂၂ရက် နံနက် ၉နာရီက ကျင်းပရာ Wigan & Leigh College (UK) မှ Dr. Trevor Ashton က ဂုဏ်ပြုစကားပြောကြားပြီး ကျောင်းသားကျောင်းသူ ၃၀တို့အား ဒီပလိုမာလက်မှတ်များ ချီးမြှင့်ခဲ့သည်။ **(က-ပ)**

အခြေခံပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်း ၁/၂၀၀၅ကို ဖေဖော်ဝါရီ ၁၄ရက်မှ ၂၁ရက်အထိလည်းကောင်း၊ ၂/၂၀၀၅ သင်တန်းကို မတ် ၇ရက်မှ ၁၄ရက်အထိလည်းကောင်း နေ့စဉ်မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအတွင်း သင်တန်းသားသင်တန်းသူ ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ဖွင့်လှစ်ရန် စီစဉ်ထားသည်။ သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် ဝန်ထမ်းများအတွက် တစ်ဦးလျှင်ကျပ် ၄၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၅၀၀၀စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ အလားတူပင် စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်းကို မေလအတွင်း ဆက်လက်ဖွင့်လှစ်မည်ဟု သိရသည်။ **(က-ပ)**

မီးဘေးအန္တရာယ် အခဉ်သတိပြုကာကွယ်

အင်းတော်မြို့ အောင်မေတ္တာတိုးချဲ့(၂)လမ်းဖွင့် ငွေကျပ် ကိုးသိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

အင်းတော် ဇန်နဝါရီ ၆

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အောင်မေတ္တာတိုးချဲ့(၂)လမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်၉ နာရီခွဲက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် အင်းတော်မြို့ အောင်မေတ္တာတိုးချဲ့(၂)လမ်း၊ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းကို အင်းတော်မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ တာဝန်ခံ အင်ဂျင်နီယာဦးမြင့်သန်းနှင့် အောင်မေတ္တာ ရပ်ကွက် ဥက္ကဋ္ဌဦးခင်သက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အကုန်အကျခံဆောင်ရွက်

ထို့နောက် အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက ဂုဏ်ပြု အမှာစကားပြောကြားပြီး တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်သန်းက အောင်မေတ္တာတိုးချဲ့(၂)လမ်း ကတ္တရာလမ်းအရှည်ပေ ၄၂၀၊အကျယ်၁၂ပေနှင့် ကျောက်ချောလမ်း အရှည်ပေ ၃၃၀၊ အကျယ် ၁၂ ပေကို စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅ဒသမ သိန်း ၆၀ နှင့် ပြည်သူများက ထည့်ငွေကျပ် ၄ဒသမ၀၃ သိန်း စုစုပေါင်း ငွေကျပ်၉ဒသမ၆၃သိန်းအကုန်အကျခံ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၁၃၃)**

ဒီဇင်ဘာ၂၆ရက်က တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးပြီး တာရဲကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှရွှေနှင့် ကျေးရွာအုပ်စုအတွင်းရေးမှူး ဦးချစ်ထွေးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

(၃၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို သံဖြူဇရပ်မြို့နယ်တွင် ကျေးရွာစက်ရေတွင်းဖွင့်

သံဖြူဇရပ် ဇန်နဝါရီ ၂၃

(၃၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ငွေကျပ် ၂၂သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ပြီးစီးခဲ့သည့် သံဖြူဇရပ်မြို့နယ် ကွမ်သတ်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ရက်က ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည်မိုးနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အထိမ်းအမှတ် အလံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက မြို့နယ်အတွင်းရေးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့ထံပေးအပ်ပြီး မြို့နယ်အတွင်းရေးမှူးနှင့် အမှုဆောင်အရာရှိတို့က စက်ရေတွင်း ရေထွက်အားကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)** **(၁၆၈)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ထီးချိုင့်မြို့ ကျောက်စေတီလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်

ထီးချိုင့် ဇန်နဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုအောက်ရှိ ထီးချိုင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇန်နဝါရီ ၁၅ရက်တွင် ကျောက်စေတီလမ်းကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၄၀၀၊ အကျယ်၁၂ပေ၊ ထီးချိုင့်မြို့နယ်ခန်းမလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၄၀၀၊ အကျယ်၁၂ပေနှင့် ထီးချိုင့်–မဲဟင်းကျေးလက်မြေသားလမ်း အရှည် ၁၃မိုင်၆ဖာလုံကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(နယ်စပ်/စည်ပင်)**

ရေနုတ်မြောင်းများ စုပေါင်းတူးဖော်

ကြူကုတ်(ပန်ဆိုင်း) ဇန်နဝါရီ ၃

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြူကုတ်(ပန်ဆိုင်း)မြို့ အမှတ်(၈)ရပ်ကွက် ယင်းမာလမ်း တစ်လျှောက်ရှိ ပေါင်းမြက်နှင့် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်အတွင်းရေးမှူးဦးတင်ဦးနှင့် အမှုဆောင်အရာရှိ ဦးမြင့်သိန်းတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**
(မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

ပြည်မြို့ ပေါင်းတလည်–ဈေးရဲလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၁ရက်က အမှုဆောင်အရာရှိ ဦးဆန်းမော်ခင်နှင့် အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့ ကြီးကြပ်ဆောင် ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

မိုးကုတ်မြို့ ပတ္တမြားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာ လမ်းသစ်ဖွင့်

မိုးကုတ် ဇန်နဝါရီ ၉

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ပတ္တမြားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါလမ်းမှာ ပိတ်နွယ်(၂) ရပ်ကွက်အတွင်းမှ ပတ္တမြားလမ်း အပိုင်း(၁)အား ၂၀၀၃–၂၀၀၄ခုဘဏ္ဍာရေးနှစ်အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ပေကို စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ် ၂၃ဒသမ၆၇သိန်းနှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၅ဒသမ၂၀သိန်း ဖြင့်လည်းကောင်း၊ ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ပတ္တမြားလမ်း အပိုင်း(၂) အရှည်ပေ ၈၀၀၊ အကျယ် ၁၂ပေကို စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ် ၁၄ဒသမ ၁၄သိန်းနှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၈ဒသမ ၉၆သိန်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဇန်နဝါရီ ၁၅ ရက်က ခရိုင်ချင်းဆက်မြေသားလမ်း (ကြို့ပင်ကောက်မြို့နယ် အပိုင်း) ခြောက်မိုင်၊ လေးဖာလုံ ဖောက်လုပ်ပြီးစီးမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင် သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။(၀၄၀)

မော်လမြိုင်မြို့ ဆံတော်ရှင်ကျိုက်သုတ်စေတီတော် တနင်္ဂနွေဝတ်အသင်း ဆင်းတုတော်များ ရွှေကြာသင်္ကန်းကပ်လှူရန်အတွက် အလှူငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျိုက်သုတ်စေတီတော် ပရိဝုဏ် အတွင်း ကျင်းပရာ

မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းနေ ဒေါ်သိန်းသိန်းမိသားစုက ငွေကျပ်လေးသိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးရွှေရင် လက်ခံရယူစဉ်။ (က-ပ)

နွေစပါးလျာထားချက်နှင့် မိုးစပါးတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ တောင်တွင်းကြီးမြို့နယ်၌ကျင်းပ

တောင်တွင်းကြီး ဇန်နဝါရီ ၂၂

၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးသီးနှံစီမံကိန်းလျာထားချက်နှင့် ၂၀၀၅-၂၀၀၆ ခုနှစ်မိုးစပါးတိုးချဲ့စိုက်ပျိုးရေးအတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ရက် မွန်းတည့် ၁၂ နာရီက တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးမျိုးသန့်က စီမံကိန်းသီးနှံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ်မန်နေဂျာ ဦးခင်မောင်မြင့်က ၂၀၀၄-၂၀၀၅ ခုနှစ်နွေစပါး ၂၀၀၂ ဧကနှင့် ၂၀၀၅- ၂၀၀၆ ခုနှစ် မိုးစပါးတိုးချဲ့ဧက ၉၃၈၁ ဧက အပါအဝင်မိုးစပါးစုစုပေါင်း ၉၄၇၁၀ ဧက စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များ အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းတာဝန်ပေးအပ်လွှာများ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ဦးက ကျေးရွာအုပ်စုဥက္ကဋ္ဌများအား ပေးအပ်သည်။**(အောက်ပုံ)(မြို့နယ်ပြန်/ဆက်)**

ဇန်နဝါရီ ၁၃ရက်ကပုဗ္ဗန်တောင်မြို့နယ် သာယာကုန်းပြဿဒ်ကျောင်း ဆရာတော်ဦးပညာဇေမ္ဗာစရိယအား အမှူးထား၍ ကွယ်လွန်သူ နှစ်ဖက်မိဘများဖြစ်ကြသော ဦးကျင်စွမ်း-ဒေါ်ကြင်ရွှေ (ကျားသင်္ကန်း)နှင့် ဦးဇင် (ကုန်သွယ်ရေး)တို့အား ရည်စူး၍ ဟိုင်းမင်းသင်္ကန်းတိုက်ပိုင်ရှင် ဦးမျိုးမြင့်-ဒေါက်တာဒေါ်ညွန့်ညွန့်ရီ မိသားစုတို့က ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေကျပ် ၆၀၀၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ကြီးမြို့ အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်၊ အားကစားပြိုင်ပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၂

၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ၁၅ရက် နံနက် ၉နာရီက တောင်ကြီးမြို့ မြို့မရပ် တူးမြောင်းလမ်းရှိ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ပါဝင်ဆင်နွှဲ

အားကစားပြိုင်ပွဲများအဖြစ် အပြေးပြိုင်ပွဲများ၊ အခက်အခဲပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲနှင့် သံပုံးရိုက်ပြိုင်ပွဲများ ကျင်းပရာ ကျောင်းသူကျောင်းသားလေးများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။**(အောက်ပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် အားကစားပြိုင်ပွဲများအပြီးတွင် ဆုရရှိကြသူများနှင့် ဘက်စုံထူးချွန်ဆု ရရှိကြသူများအား ဆုပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်၍ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးအောင်သန့်၊ ကျောင်းအုပ်ဆရာကြီး ဦးထင်ကျော်ဝင်းနှင့် မိဘဆရာအသင်းအမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(က-ပ)**

မိုးကုတ်မြို့နယ် ဂွေးပင်ကျေးရွာတွင် ရေပိုက်များသွယ်တန်း

မိုးကုတ် ဇန်နဝါရီ ၃

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးတင်မောင်လွင်သည် ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဒီဇင်ဘာ ၇ ရက်က မိုးကုတ်မြို့နယ်ဂွေးပင်သို့သွားရောက်၍ရေပိုက်များသွယ်တန်းဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါဂွေးပင်ကျေးရွာတွင် ရွာဝင်ရေစစ်ကန်မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သော ရွာလည်ရေဂါလန် ၉၀၀ ဆံ့ ဖြန့်ဝေကန်သို့ နှစ်လက်မပီဗွီစီရေပိုက်ပေ ၆၀၀ကို ငွေကျပ် ၂၉၅၈၀၀ အကုန်အကျခံ၍ ဆောင်ရွက် ခဲ့ခြင်း ဖြစ်သည်။ **(နယ်စပ်/စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

နေပြည်မြို့ တောင် ပိုင်း ရပ်စံပြ အခြေခံ ပညာ မူလတန်း ကျောင်းပညာရေး စုံညီပွဲတော်နှင့် ၂၀၀၃ - ၂၀၀၄ ပ ညာ သင် နှစ် ပညာရေး ဘက်စုံ ထူး ချွန် ဆု ပေး ပွဲ ကို ဒီဇင် ဘာ ၂၆ ရက် က ကျင်း ပ ရာ ဘက် စုံ ထူး ချွန် ဆုရ ကျောင်းသူ

တစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးကြင်ထွန်းက ဆုပေးအပ်ချီးမြှင့်စဉ်။ (ဝ၈၅)

မိုးစပါးပျိုးပင်များ ကောက်စိုက်ပွဲကျင်းပ

ကသာ ဇန်နဝါရီ ၁၄

ကသာမြို့နယ် အကွက်အမှတ် ၇၀၂ ဦးပိုင် ၁၃ က/ခ လယ်လေးဧက တွင် ရွှေဘို(၁)မျိုးစပါးပျိုးပင်များကို ကောက်ကွက် ၆လက်မ၊ ၈လက်မနှုန်း ဖြင့် စိုက်ပျိုးသည့် ကောက်စိုက်ပွဲကို ဇန်နဝါရီ ၉ ရက်က ကျင်းပသည်။

အဆိုပါ ကောက်စိုက်ပွဲသို့ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကြည့်ရှုလေ့လာကြသည်။ **(ခရိုင် ပြန်/ဆက်)**

သန်လျင် အထက(၃) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း နှစ်ဘာသာဂုဏ်ထူးရှင် မောင်ဟန်ဇော်မျိုးအား ကျောင်းအုပ်ဆရာမကြီးဒေါ်စန်းရီက ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(ခရိုင် ပြန်/ဆက်)

လက်တွေ့သရုပ်ပြသ

ဇန်နဝါရီ ၇ ရက်က ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာရှိ အမှတ် (၉၀)သစ်စက်တွင် တိုင်းမီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်၊ မြို့နယ်မီးသတ် ဦးစီးဌာနဦးစီးမှူး ဦးအောင်ရွှေထွန်းနှင့် တပ်ဖွဲ့ဝင်များက လက်ထောက်မန်နေဂျာ(စက်ရုံမှူး) ဦးမြင့်သူနှင့် စက်ရုံဝန်ထမ်းလုပ်သားများ ပူးပေါင်း၍ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့ သရုပ်ပြသကြစဉ်။ (ခရိုင် ပြန်/ဆက်)



အမည်ပြောင်း

ကြို့ပင်ကောက်မြို့ တောင်ရွာမလမ်းနေအဖ ဦးအေးသိန်း၏သားအထက(၃)ပြင်ဦးလွင် တက္ကသိုလ်ဝင်တန်းမှ မောင်သက်လွင်အောင်အား မောင်ဟိန်းဇာနည်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းဇာနည်။**

အမည်ပြောင်း

ကြို့ပင်ကောက်မြို့ တောင်ရွာမလမ်းနေ အဖ ဦးအေးသိန်း၏သားအထကခွဲပန်းတင် ကြို့ပင်ကောက်ဆဋ္ဌမတန်း(D)မှမောင်ဟံလင်းအောင်အား မောင်ဟံဇော်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟံဇော်ထက်။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဓနုဖြူမြို့(၇) ရပ်ကွက်၊ မောရသိဂီလမ်းနေ ဦးလှစိုး-ဒေါ်ခင်စန်းရီတို့၏ သားဖြစ်သူ မောင်သီဟစိုး ၁၄/ဓနဖ(နိုင်)၁၁၄၅၂၃ သည် မိဘများ၏ ဆိုဆုံးမမှုကိုနားမထောင်ဘဲ မိမိ ဆန္ဒအတိုင်းလုပ်ဆောင်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကိုလုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးလှစိုး၁၄/ဓနဖ(နိုင်)၀၀၄၂၅၆
ဒေါ်ခင်စန်းရီ၁၄/ ဓနဖ(နိုင်)၀၀၄၂၅၇။

အမှတ် ၂၈ (အေ)ကျောက်ကုန်းလမ်း(၁၄) ရပ်ကွက် ရန်ကင်းမြို့နယ်နေ ဦးကျော်- ဒေါ်လှမြိုင် နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုက အလှူငွေ ကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရပရိယတ္တိစာသင် တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်း

သို့ ပေးအပ်လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်သီတာရွှေက လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အသံ

၂၇-၁-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရေကြည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ပိဋကတ်တော်လာ အေးငြိမ်းခြင်း နိဗ္ဗာန်နှင့်ရသစုံဆောင်းပါးများ (ဦးမောင်မောင်စိုးတင့်-အငြိမ်းစားသံအမတ်ကြီး)
(၂)သူလျှိုများနှင့် သူလျှိုလုပ်ငန်း (သောင်းထိုက်-ဒုတိယ ဗိုလ်မှူးကြီးငြိမ်း၊ဘာသာပြန်သည်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (မြေငလျင်လှိုင်းများ အကြောင်း-မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ဓနုသဘော်သီးသုတ်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာ စီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၈း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ခွင့်လွှတ်၍သာ ပြုံးနေချင်)

၁၈း၄၀ ဟန်မျိုးစုံညီတေးကိုသီ (အသည်းစကား)

ကျိုက်ထိုမြို့ သိမ်ဇရပ်ဈေးပတ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၀ရက်က အမှုဆောင် အရာရှိ ဦးမျိုးဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့်နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒီမိုကရေစီနိုင်ငံတော်အဖြစ် စနစ်တကျကူးပြောင်းနိုင်ရေး နိုင်ငံတော်က တည်ဆောက်ရင်းနှီးမြှုပ်နှံနေ နိုင်ငံတော်ကြီးရှေ့ရေးအတွက် အသက်တမျှအရေးကြီးသည့် အမျိုးသားညီလာခံကြီးပြန်လည်ကျင်းပတော့မည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာပါဝင်

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ အလေးအနက်ဂုဏ်ပြု၊ ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီး ကြိုဆိုထောက်ခံ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မြင်းခြံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်းနှင့် ငါန်းဇွန်မြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများအင်အား ၈၂၃၅ ဦး အင်တိုက်အားတိုက် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ ●



မြန်မာ့ပင်လယ်ပြင်ကိုဝင်ရောက်မည့်ကျူးကျော်ရန်ဟူသမျှ ပင်လယ်ပြင်မှာပင်အပြီးတိုင်ချေမှုန်း တပ်မတော်သားအားလုံး နိုင်ငံ့တာဝန်၊ တပ်မတော်တာဝန် ဆတက်ထမ်းပိုးကြိုးပမ်းထမ်းဆောင်

ရန်ကုန် ဇန်နဝါရီ ၂၅

တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်း အမှတ်စဉ်(၆၅)နှင့် အင်ဂျင်နီယာအရာရှိငယ်သင်တန်း အမှတ်စဉ်(၃၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့်

စာမျက်နှာ ၅ ကော်လံ ၁ ✡

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တပ်မတော်(ရေ) စီမံခန့်ခွဲရေး အရာရှိငယ်သင်တန်း အမှတ်စဉ်(၆၅)နှင့် အင်ဂျင်နီယာ အရာရှိငယ်သင်တန်း အမှတ်စဉ်(၃၉) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)